# ဝိပဿနာအရှုလက်ဦး

( ဝိပဿနာ "ဝ" လုံးတာန်း )



ဒေါက်တာစိုးလွင် (မန္တလေး)

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "
ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤမေ့မစာစုဖြင့်
ရှိသေစွာ ကန်တော့ပါ၏။

# ဝိပဿနာ 'ဝ' လုံးတန်း

ဒေါက်တာစိုးလွင် (မန္တလေး)

## "အမှာစကား"

## 'ဝ' ပိုင်မှ 'ဝိ' နိုင်

'ဝ' မရှိဘဲ 'ဝိ' မလုပ်ချင်နဲ့ - ဟူသည် ရုပ်နာမ်၊ ပညတ်၊ ပရမတ် ပိုင်းခြား စိတ်ဖြာသိမြင်ခြင်းဆိုသည့် ဝဝတ္ထာပနဉာဏ် မရှိသေးဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြင့် ရှုမှတ်ပွားများခြင်းဆိုသည့် 'ဝိပဿနာမလုပ်နိုင်' ဟု ဆိုသည်။ သို့ဖြင့် ဝိပဿနာသင်တန်းကို မဝင်မီ 'ဝ' လုံးတန်းကို အရင်ပိုင် တက်ရောက်ပါ။

(ဤစာအုပ်ကို ဘုန်းကြီးကိုယ်တိုင် ကြည့်ရှုစစ်ဆေးထားပြီးဖြစ်သည်)

ဦးဇောတိက
ဓမ္မာစရိယ၊ အမ်အေ(သီရိလင်္ကာ)
အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်
ကထိက
(ရန်ကင်းတောင်ဆရာတော်)

(၃)

## ဒေါက်တာ စိုးလွင် (မန္တလေး)

- ၁၉၅၈ ခုနှစ် ဇွန်လ (၃) ရက် အင်္ဂါနေ့တွင် မန္တလေးမြို့၌ အဖ ဦးသန်းအောင် အမိ ဒေါ်ဝင်းမေတို့မှ မွေးဖွားသည်။

- ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မန္တလေးမြို့ အမှတ် (၉) အထက (ယခင် စိန့်ပီတာ)မှ အောင်မြင်သည်။

- ၁၉၇၆-၈၂ စာသင်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး) ၌ တတ်ရောက်သင်ကြား၍ ဆရာဝန်ဘွဲ့ (M.B,B.S)ကို ရရှိသည်။ ပြင်ပဆေးခန်းဖွင့်၍ ဆေးကုသခြင်းကို လုပ်ကိုင်သည်။

- ၁၉၈၉-၉၀ ခုနှစ်တို့တွင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင်ဖွင့်လှစ်ခဲ့သော နန်းရှေ့ မန္တလေး ဇီဝိတ သံဃဆေးရုံ၌ တာဝန်ထမ်းဆောင်သည်။

- ၁၉၉၁ ခုနှစ်တွင် မရွှေရည်လှနှင့် အိမ်ထောင်ပြု၍ ထူးရည်လွင် သမီးတစ်ဦးရှိပြီး ယခုအခါ မန္တလေးမြို့ (၁၉)လမ်း နန်းရှေ့ အောင်မြေသာစံမြို့နယ်တွင် မိသားစုနှင့် အတူနေထိုင်သည်။

- ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ ဓမ္မစာပေများကို လေ့လာ ဖတ်ရှု ခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၊ ပခုက္ကူဆရာတော်ကြီး (အနိစ္စဆရာတော်)၊ ဖားအောက်တောရ ဆရာတော်ကြီးတို့၏တရားဓမ္မများကို လေ့လာမှတ်သားခဲ့သည်။ ထို့ပြင် လယ်တီဆရာတော်ကြီး၏ ဒီပနီပေါင်းချုပ်နှင့် ဘုရားရှင် ဟောကြားတော်မူခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်) တို့ကို ဆက်လက် ဖတ်ရှု လေ့လာလျှက်ရှိသည်။

- ၂၀၀၄ ခုနှစ်တွင် စာဓမ္မအမြင်မှ ခန္ဓာဓမ္မအမြင်ရောက်အောင် လက်တွေ့ဝိပဿနာတရား အလုပ်ကို စတင်၍ နှလုံးသွင်းအားထုတ်သည်။

- ၂၀၀၆ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ သူငယ်ချင်းများကို ဝိပဿနာနှင့် ပတ်သက်သော အခြေခံ သဘောတရားများကို စတင် ဆွေးနွေး ပြောကြားသည်။

- ၂၀၀၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ် (၇၆-၈၂) စာသင်နှစ်၏ (၁၀) ကြိမ်မြောက် အာစရိယပူဇော်ပွဲ၌ (ဓမ္မလမ်းကို လျှောက်ကြမယ်) ခေါင်းစဉ်ဖြင့် ဓမ္မစာစုကို စတင်ရေးသား၍ ဆရာ ဆရာမတို့ကို ဓမ္မနှင့် ပူဇော်ကန်တော့ရင်း သူငယ်ချင်းတို့ကိုလည်း ဓမ္မလမ်းပေါ်ရောက်အောင် ခေါ်ဆောင်ခဲ့သည်။

- ၂၀၁၀ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဝိပဿနာသင်တန်း အတွက် မဇ္ဈိမလမ်းကိုလျှောက်ကြမယ်၊ မြတ်ဗုဒ္ဓ၏ဝိပဿနာ၊ ပိဋကတ်မှတ်စု၊ ဓမ္မကောက်နုတ်ချက် စာစုများ၊ ဝိပဿနာ 'ဝလုံးတန်း'၊ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား၊ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်၊ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ၊ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း၊ စွဲရာမှ မစွဲရာသို့၊ ထွက်မြောက်ရာ၊ နံနက်ခင်းဓမ္မအလင်းတန်းများ စသည်တို့ကို (ဓမ္မလမ်းစာစဉ်များ) အဖြစ် ရေးသားခဲ့သည်။

# " မာတိကာ "

" အပိုင်း (၁) အခြေခံဉာဏ်နှစ်ပါး "

- 'ဝလုံးတန်း' မှစပါ - ၈
- ဝိပဿနာ နှင့် နယ် (၃) နယ် - ၁၀
- ဝိပဿနာမြေပုံ - ၁၃
- ဝိပဿနာ၏ အခြေခံဉာဏ်နှစ်ပါး - ၁၄
- နာမရူပပရိစ္ဆေဒဉာဏ် - ၁၄
- အထည်ခန္ဓာ နှင့် သဘောခန္ဓာ - ၁၄
- သဘောခန္ဓာ နှင့် အနိစ္စသဘာဝ - ၁၅
- ခန္ဓာ၏ သဘာဝ - ၁၆
- ရုပ်ဆိုသည်မှာ - ၁၆
- ကံ၊ စိတ်၊ ဥတု၊ အာဟာရ - ၁၈
- ကံကြောင့်ဖြစ်သောရုပ် - ၁၉
- ခန္ဓာဉာဏ်ရောက်ရုပ် - ၁၉
- ရုပ် နှင့် ဝိပဿနာ - ၂၀
- နာမ်ဆိုသည်မှာ - ၂၁
- သညာက္ခန္ဓာ - ၂၂
- အနိစ္စသညာနှင့် အနတ္တသညာ - ၂၃
- ဒုက္ခ သညာ - ၂၄
- ပစ္စယပရိဂ္ဂဟဉာဏ် - ၂၅
- အတ္တ နှင့် အနတ္တ - ၂၅

- မိမိသည်အကြောင်းတရားကိုသာအားထုတ်ရ၏။- ၂၅
- သမုတိ အကြောင်းအကျိုး - ၂၆
- ပရမတ် အကြောင်းအကျိုး - ၂၇
- ခန္ဓာ နှင့် အကြောင်းအကျိုး - ၂၉

“ အပိုင်း (၂) ပဋိစ္စသမုပ္ပါဒ် ”

- ပဋိစ္စသမုပ္ပါဒ် နှင့် အခြေခံဉာဏ်နှစ်ပါး - ၃၀
- ပဋိစ္စသမုပ္ပါဒ် - ၃၀
- ပဋိစ္စသမုပ္ပါဒ် နှင့် အကြောင်းအကျိုး - ၃၃
- ပဋိစ္စသမုပ္ပါဒ် နှင့် ဝဋ်(၃)ပါး - ၃၅
- ကံဟောင်းနှင့် ကံသစ် - ၃၆
- ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် အနတ္တသဘာဝ - ၃၆
- ဓမ္မအလို၊ ငါ့အလို၊ ဉာဏ်အလို - ၃၇

“ အပိုင်း (၃) အာရုံ ”

- အာရုံ - ၃၈
- အဝိဇ္ဇာက အာရုံကို ဖုံးတယ် - ၃၉
- ဒိဋ္ဌိက အာရုံကို အခိုင်အမာ ယူတယ် - ၃၉
- တဏှာက အာရုံကို ဆာတယ် - ၄၀
- အာရုံကို အာရုံလို့သိရန် ခက်တယ် - ၄၁

- အာရုံ ဖြစ်ပျက် - ၄၁
- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဘယ်မှာရှိသလဲ - ၄၂
- မနောဒွါရ နှင့် ဓမ္မာရုံ - ၄၃
- မနောဒွါရ နှင့် ဓမ္မာရုံ ပုံစံ ( Diagram) - ၄၄
- ရွှေတိဂုံစေတီတော်ကြီး နှင့် အာရုံ - ၄၇
- ဝင်လေထွက်လေ နှင့် အာရုံ - ၄၈
- ဓါတ်ကြီးလေးပါးနှင့် အာရုံ - ၄၈
-အစိုးမရသည့်အနတ္တနှင့်အနှစ်သာရမရှိသည့်အနတ္တ -၄၉

“ အပိုင်း (၄) သစ္စာ ”

- ဝိပဿနာ နှလုံးသွင်းပုံ - ၅၀
- ပဋိစ္စသမုပ္ပါဒ် နှင့် ဝိပဿနာ -၅၂
- အရှုခံနှင့်အရှုဉာဏ် -၅၄
- အကျိုးတရား (သို့မဟုတ်) ဝိပါကဝဋ္ဋ - ၅၅
- အကြောင်းတရား (သို့မဟုတ်)
ကိလေသဝဋ္ဋနှင့် ကမ္မဝဋ္ဋ - ၅၆
- သမုဒယသစ္စာနှင့်မဂ္ဂသစ္စာ - ၅၇
- ကိုယ်သာနာ၍ စိတ်မနာစေနှင့် - ၅၈
- ကံပို့ရာရောက်ရတယ် - ၅၉
- လွတ်မြောက်မှု (သို့မဟုတ်) ဝိမုတ္တိရသ - ၆၁
- လမ်းစဉ် နှင့် ပန်းတိုင် - ၆၃
- အင်္ဂုတ္တရသုတ် (ပိဋကတ် - မြန်မာပြန်) - ၆၆

(၈)

## 'ဝလုံးတန်း' မှစပါ

အရှင်သာရိပုတြာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိထံမှ အောက်ပါ ဂါထာတစ်ပုဒ်ကို နာကြားလိုက်သည်နှင့် သောတာပန် တည်လေသည်။

"ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။"

ယေဓမ္မာ - အကြင် အကျိုးတရား (ဒုက္ခသစ္စာ) တို့သည်

ဟေတုပ္ပဘဝါ - အကြောင်းတရား (သမုဒယသစ္စာ) တို့ကြောင့် ဖြစ်သည်။

တေသံ ဟေတုံ - ထိုအကျိုးတရားတို့၏ အကြောင်းတရားတို့ကို

တထာဂတော အာဟ - မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်။

တေသဉ္စ - ထိုတရားနှစ်ပါးတို့၏

ယောနိရောဓော - ချုပ်ငြိမ်းရာ (နိရောဓသစ္စာ)သည်ရှိ၏။

ဧဝံဝါဒီ မဟာသမဏော - ရဟန်းမြတ်ဖြစ်တော်မူသော ဘုရားရှင်သည် ဤသို့သော အယူဝါဒ ရှိတော်မူ၏။

၎င်းဂါထာတစ်ပုဒ်သည် အရှင်သာရိပုတြာမထေရ်မြတ်ကို သောတာပန် ဖြစ်စေသည့်အပြင် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကိုလည်း သောတာပန်တည်စေခဲ့လေသည်။ ဤသို့ဆိုလျှင် မိမိတို့သည်လည်း ထိုဂါထာ တစ်ပုဒ်ကို တစ်ခါမက တစ်နေကုန် ရွတ်ဆိုကြည့်ပါ။ သောတာပန် ဖြစ်သည်ဟု ထင်ပါသလား။ အကယ်၍ မဖြစ်ပါက မိမိတို့မှာ ထိုပါရမီမျိုးမရှိပါ။ ထို့ကြောင့် "ဝလုံးတန်း" မှစ၍ သင်ကြားသင့်ပါသည်ဟု ဖားအောက်တောရ ဆရာတော်ဘုရားကြီးက ဆုံးမထားပါသည်။

ယခုအခါ ဝိပဿနာလောကတွင် ထင်ရှားကျော်ကြားသော ဆရာတော်ဘုရားကြီးများနှင့် လူပုဂ္ဂိုလ်များသည် ပါရမီရှင်များ ဖြစ်ကြပါသည်။ ဥပမာ- ဝေဘူဆရာတော်ဘုရားကြီးသည် နှာသီးဖျား၌ ဝင်လေထွက်လေကို ဝင်တိုင်းသိ၊ ထွက်တိုင်းသိ၊ ထိတိုင်းသိ၊ တစ်ထိတည်းထိ၊ တစ်သိတည်း သိ၊ တရစပ် ထိသိ ဖြစ်နေအောင် (၂၄)နာရီ အဆက်မပြတ် သိနေစေခြင်းဖြစ်၏။ အိမ်အမိုးကို စပ်နေအောင် မိုးထားမှ မိုးမယိုနိုင်သလို ဝီရိယအား၊ သတိအား၊ သမာဓိအား ကောင်းကောင်းဖြင့် အသိဆက်နေမှ ကိလေသာ ကြားမခိုနိုင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ တစ်ရက် (၂၄)နာရီ တစ်စပ်တည်းရလျှင် အလွန် သိသာပါသည်ဟု ဝေဘူဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော သန္ဒိဋ္ဌိက ဓမ္မလမ်းစဉ် (၁၈) ချက်တွင် ဖော်ပြထားပါသည်။

ထို့ပြင် ဝိပဿနာအလုပ်သည် ထိမှုကို ကြည့်ရှု-သိနေရုံသာဖြစ်တယ်၊ ကြည့်ရှုနေရင်း သိထိုက်သမျှကို အလိုလို တစ်နေ့ထက်တစ်နေ့ တိုးပြီးသိလာပါလိမ့်မယ်။ အဲဒီလို တရိပ်ရိပ်နဲ့ ထိမှုသိမှုကိုကြည့်ရင်း မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်လာပြီဆိုလျှင် အလွန် သိသာလှပါတယ်။ ရေငတ်သူ ရေသောက်သည်ရှိသော် ရေငတ်ပြေသကဲ့သို့ သူများမေးစရာမလိုဘဲ ကိုယ်တိုင်သိမယ် စသည်ဖြင့် ရိုးရိုးရှင်းရှင်းနှင့် လူတိုင်းနားလည်အောင် ဟောကြားခဲ့ပါသည်။ ဤကဲ့သို့ ပါရမီရှင်ကြီးတို့သည် ဖါးအောက်တောရ ဆရာတော်ဘုရာကြီးဟောကြားသကဲ့သို့ အတိတ်ဘဝတွင် သင်္ခါရုပေက္ခာဉာဏ်အထိ အားထုတ်ထားပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ မိမိတို့နှင့် လားလားမျှ မဆိုင်ပါ။ တစ်ထွာသိရုံမျှနှင့် တစ်လံမြင်တော်မူကြသော ပါရမီရှင်ကြီးတို့၏အရာသာ ဖြစ်ကြပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ဖါးအောက်တောရ ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသကဲ့သို့

'ဝလုံးတန်း" မှစတင်၍ စနစ်တကျ ကြိုးစားသင်ယူမှ တော်ကာကျပေမည်။

အများအားဖြင့် စာဖတ်သိ၊ တရားနာသိစသော ဗဟုသုတအသိများအပြင် စဉ်းစားဆင်ခြင်သိသူများသည် မိမိကိုယ်ကို တော်တော်လေးသိထားပြီဟု ထင်တတ်ကြပါသည်။ မှန်ပါသည်၊ သမုတိနယ်သိအနေဖြင့် ရုပ်နာမ်၊ အကြောင်းအကျိုးဆက်နွှယ်မှုတို့ကို သိထားခြင်းဖြစ်ပါသည်။ ပရမတ်နယ်သိအနေဖြင့် ရုပ်နာမ်အကြောင်းအကျိုးဆက်နွှယ်မှုတို့ကို ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ကြသေးပါ။ ထို့ကြောင့် ပရမတ်နယ်သိအဆင့်တွင် 'ဝလုံးတန်း' အဆင့်သာဖြစ်ကြပါသည်။ ဝိပဿနာသည် ပရမတ်နယ်မှ စ၍ သစ္စာနယ်ရောက်ပြီး အရိယသစ္စာ (၄)ပါးကို မျက်မှောက်ပြု သိမြင်ရခြင်း ဖြစ်ပါသည်။

## " ဝိပဿနာ နှင့် နယ် (၃) နယ် "

ဝိပဿနာကို နယ်(၃)နယ်နှင့် ပိုင်းခြားတင်ပြရခြင်းမှာ စာပေနှင့်အလှမ်းဝေးသော သူများအတွက်ဖြစ်ပါသည်။ စာပေတွင် သမုတိသစ္စာနှင့်ပရမတ္ထသစ္စာနှစ်ပါးသာရှိ၏။ ပရမတ္ထသစ္စာတွင် ရုပ်၊ စိတ်၊ စေတသိက်ဆိုသော သင်္ခတတရား (သဘာဝသစ္စာ)နှင့် နိဗ္ဗာန်ဆိုသော အသင်္ခတတရား (အရိယသစ္စာ)ဟူ၍ ခွဲခြားနိုင်ပါသည်။ သို့သော် ဝိပဿနာအလုပ်အားထုတ်ရာတွင် ပညတ်ပရမတ်ကို ပိုင်းခြားသိအောင်သင်ကြား ရသဖြင့် ပရမတ်ဆိုလျှင် ရုပ်၊ စိတ်၊ စေတသိက်ကိုသာ တန်းမြင်ကြပါသည်။ ထို့ကြောင့် သစ္စာ (၄)ပါးကို နားလည်သဘောပေါက်ရန်အတွက် သစ္စာနယ်အနေဖြင့် ခွဲခြား တင်ပြပေးရခြင်း ဖြစ်ပါသည်။

၁။ သမုတိနယ် - ငါ၊ သူတပါး၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့် လောကသတ်မှတ်ချက်အတိုင်း ပြောဆို ကြံစီ လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ သီလအားဖြင့် ကာယကံမှု ဝစီကံမှုတို့ကို စင်ကြယ်ခြင်းဖြစ်သည်။

၂။ ပရမတ်နယ် - ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးသာ အကြောင်း အကျိုးအားဖြင့် ဆက်နွယ်နေကြခြင်းဖြစ်၏။ သမာဓိအားဖြင့် မနောကံမှုကို စင်ကြယ်ခြင်း ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အသုဘ၊ အနတ္တကို သိမြင်နိုင်၏။

၃။ သစ္စာနယ် - လောကီသစ္စာ (၂)ပါးဖြစ်သော ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ၊ လောကုတ္တရာသစ္စာ (၂)ပါးဖြစ်သော နိရောဓသစ္စာနှင့် မဂ္ဂသစ္စာဆိုသော သစ္စာ(၄)ပါး ရှိ၏။

ပညာဖြင့် သစ္စာ (၄)ပါးကို သိမြင်ရန်၊ မျက်မှောက်ပြုရန်အတွက် အားထုတ်ရခြင်းဖြစ်သည်။ ထို့ကြောင့် သမုတိနယ်မှ ပရမတ်နယ်သို့ ကူးရသည်။ ပရမတ်နယ်ရောက်မှ သစ္စာနယ်ဝင်ကာ ဒုက္ခကို ပိုင်းခြား (သိ)ခြင်း၊ သမုဒယ (ပယ်) ခြင်း၊ နိရောဓ (ဆိုက်)ခြင်းတို့ကို မဂ္ဂင်ရှစ်ပါး (ပွား)ခြင်းဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

နယ်(၃)နယ်၏သဘောကို ရှင်းရှင်းလင်းလင်းသိမြင်အောင် ဥပမာ ပေးရလျှင် ရပ်ကွက်ထဲတွင် ခေါင်းကိုက်ပါက ပါရာစီတမော ဝယ်သောက်၊ ဗိုက်အောင့်ပါက လေဆေးသောက် စသည်ဖြင့်လည်း ထိုထို အာဂန္တု ရောဂါများ ပျောက်ကြပါသည်။ ထို့အတူ သမုတိနယ်တွင် ဒါန၊ သီလ၊ သမထဘာဝနာတို့ကို ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် အားထုတ်ကာ ကုသိုလ်တရားတို့ရရှိကြပါသည်။

သို့သော် ရောဂါသည် သာမန်မဟုတ်ပဲ ပြင်းထန်လာပါက ဆေးရုံတင် ရပေမည်။ ဆေးရုံတွင် ဆီးစစ်၊ သွေးစစ်၊ ဓာတ်မှန်ရိုက်၊ အာလ်ထရာဆောင်းရိုက်စသည်ဖြင့် အသေးစိတ်စစ်ဆေးရပါသည်။

ထိုအခါ ပုဂ္ဂိုလ် သတ္တဝါကို ကျော်လွန်၍ ရောဂါရှိသော အစိတ်အပိုင်းနှင့် ရောဂါမရှိသည့် ကောင်းသောအစိတ်အပိုင်းတို့ကို ခွဲခြားရလေသည်။ ထို့အတူ ပရမတ်နယ်တွင် ပုဂ္ဂိုလ် သတ္တဝါကို ရုပ်စိတ်စေတသိက်စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ရပါသည်။ ထိုအခါ ကောင်းသော ကုသိုလ်စိတ်စေတသိက်နှင့် မကောင်းသော အကုသိုလ်စိတ်စေတသိက်တို့ကို အမှန်အတိုင်း သိမြင်အောင် ခွဲခြားရလေသည်။

ဥပမာ ဗိုက်ထဲတွင် ရောဂါအလုံးရှိပါက (ခွဲစိတ်ခန်း)ဝင်၍ ဖယ်ထုတ်ရသလို မကောင်းသော စိတ်စေတသိက်(ကိလေသာ)တို့ကို သစ္စာနယ်တွင် မဂ္ဂင်တရားတို့ဖြင့် ဖယ်ရှားပစ်ရလေသည်။ ရောဂါပျောက်သောသူသည် မိမိအိမ်တွင် ပြန်နေရသော်လည်း ရောဂါမရှိပဲ ချမ်းချမ်းသာသာနေထိုင် နိုင်သလို သစ္စာနယ်တွင် သမုဒယ(ကိလေသာ)ကို ပယ်ပြီးသောကြောင့် သမုတိနယ်တွင် သမုဒယမရှိပဲ ဒုက္ခငြိမ်းကာ နိရောဓအမြင်ဖြင့် လောကကောင်းကျိုးတို့ကို ထက်ဝန်းကျင် စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ဆောင်ရွက်နေထိုင်နိုင်လေသည်။

ထို့ပြင် သမုတိနယ်တွင် (သီလကျင့်စဉ်)ဖြင့် ကာယကံမှု၊ ဝစီကံမှုစသော ဒုစရိုက်အမှုတို့ကို ပယ်ရှားနိုင်သည်။ ပရမတ်နယ်တွင် (သမာဓိ ကျင့်စဉ်)ဖြင့် မနော ဒုစရိုက်အမှုတို့ကို ဖယ်ရှားနိုင်သည့်အပြင် အရှိကိုအရှိအတိုင်း ရုပ်နာမ် ပရမတ်တို့ကိုလည်း ဟုတ်တိုင်းမှန်စွာ ပိုင်းခြားသိမြင်နိုင်သည်။ သစ္စာနယ်တွင် (ပညာကျင့်စဉ်)ဖြင့် သစ္စာလေးပါးကို ထိုးထွင်း သိမြင်နိုင်သည်။ ဤသို့ဖြင့် သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို အခြေခံ၍ နယ်(၃)နယ်အနေဖြင့် ဝိပဿနာ၏ သဘောကို လူအများ သိလွယ်မြင်လွယ်အောင် တင်ပြရေးသားရခြင်းဖြစ်ပါသည်။

**" ဝိပဿနာမြေပုံ "**




**" ဝိပဿနာ၏ အခြေခံဉာဏ်နှစ်ပါး "**

(၁) နာမရူပပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်)

(၂) ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကို သိမ်းဆည်းသောဉာဏ်)

နာမရူပပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်)သည် ဒိဋ္ဌိ (အယူမှား)ကိုပယ်ရန်အတွက်ဖြစ်ပြီး ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကိုသိမ်းဆည်းသောဉာဏ်)သည် ဝိစိကိစ္ဆာကို ပယ်ရန်အတွက် ဖြစ်လေ

သည်။ ယင်းဉာဏ်နှစ်ပါးသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ရန်အတွက် အခြေခံသဘောတရား (၂)ခုဖြစ်ပါသည်။

**" နာမရူပပရိစ္ဆေဒဉာဏ် "**

နာမ်ရုပ်ကို ပိုင်းခြားသိရန် ခေါင်း ကိုယ် ခြေ လက်ဆိုသော သမုတိနယ်မှ အထည်ခန္ဓာ (structural body)နှင့် ပရမတ်နယ်မှ ရုပ်နာမ်ဆိုသော သဘောခန္ဓာ (functional body)တို့ကို ခွဲခြားသိရပေမည်။ ဘုရားရှင်ဟောကြားတော်မူသော ခန္ဓာသည် ပရမတ်နယ်မှ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဖြစ်သည့် သဘောခန္ဓာဖြစ်၍ ခေါင်းကိုယ်ခြေလက်ဆိုသော သမုတိနယ်မှ အထည်ခန္ဓာသည် ဆရာဝန်တို့သိသော ပညတ်ခန္ဓာဖြစ်ပါသည်။ ထိုခန္ဓာ (၂)မျိုးကို ခွဲခြားနာလည်ရန် အလွန်အရေးကြီးပါသည်။

**" အထည်ခန္ဓာ နှင့် သဘောခန္ဓာ "**

ထိုသို့ သမုတိနယ်သိဖြစ်သော အထည်ခန္ဓာ (structure)မှ ပရမတ်နယ်သိဖြစ်သော သဘောခန္ဓာ (function)သို့ရောက်ရန် အဝိဇ္ဇာအဖုံးကို ဖွင့်ရလေသည်။ ခေါင်းကိုယ်ခြေလက်သည် ပညတ် **(သညာ)**သိဖြစ်၍ အမြဲရှိနေပါသည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့သည် ပရမတ်ဖြစ်၍ အာရုံနှင့်အကြောင်းတိုက်ဆိုင်ခိုက် **(ဝိညာဏ်ပေါ်ခိုက်)**သာ ဖြစ်ပေါ်နိုင်သည့် အမြဲမရှိသော ဖြစ်ပြီးပျက်နေသောတရားဟု ဝိပဿနာရှုသူတို့၏ ဉာဏ်တွင် သိမြင်နိုင်ပါသည်။

ဥပမာ - သမုတိနယ်တွင် မျက်စိကို လူတိုင်းသိပါသည်။ ၎င်းမျက်စိသည် မျက်ခွံဖွင့်ထားလျှင်လည်း ရှိ၏၊ ပိတ်ထားလျှင်လည်း ရှိ၏၊ အိပ်နေလျှင်လည်းရှိ၏၊ သေလျှင်လည်း ရှိနေပါသည်။ ၎င်းမျက်စိသည် အထည်ခန္ဓာ (structure) ဖြစ်၍ **(သညာသိ)**အနေဖြင့် အမြဲရှိပါသည်။

ပရမတ်နယ်မှ ဘုရားရှင်ဆိုလိုသော မျက်စိသည် မြင်တဲ့နာမ်ရုပ်

**(ဝိညာဏ်သိ)**ဖြစ်ပေါ်မှ ဉာဏ်ဖြင့် သိနိုင်သော မျက်စိဖြစ်၏။ မြင်တဲ့ နာမ်ရုပ်မရှိလျှင် မျက်စိမရှိပါ။ ထို့ကြောင့် မျက်စိပိတ်ထားလျှင်သော် လည်းကောင်း၊ အိပ်နေလျှင်သော်လည်းကောင်း၊ သေလျှင်သော်လည်း ကောင်း မြင်တဲ့မျက်စိမရှိပါ။ အဆင်းနှင့်မျက်စိ အကြောင်းတိုက်ဆိုင် မှသာ **(မြင်သည့်နာမ်ရုပ်)** ဖြစ်ပေါ်ခိုက်သာ မြင်တဲ့မျက်စိရှိခြင်းဖြစ် သည်။ ထို့ကြောင့် မြင်တဲ့မျက်စိသည် အမြဲမရှိပါ။ မြင်တဲ့ နာမ်ရုပ် အနေဖြင့် သဘောခန္ဓာ (function)သာ ယူသောကြောင့် မမြဲသော သဘောသည် (အနိစ္စ)အယူမှန် ဖြစ်လေသည်။ ထို့အတူ ခေါင်း ကိုယ် ခြေလက်ဟူသည် ပညတ်ဖြစ်၍ ထိတဲ့နာမ်ရုပ်ပေါ်မှသာ ပရမတ်ကိုယ် အား သိမြင်နိုင်၏။ ထိတဲ့နာမ်ရုပ် (ကာယဝိညာဏ်၏ တည်ရာရုပ်) သာလျှင် ကိုယ်ဖြစ်၏ဟု ဝိပဿနာရှုသူ၏ဉာဏ်တွင် ထင်လာ၏။

### " သဘောခန္ဓာ နှင့် အနိစ္စသဘာဝ "

ထိုသို့ သိမြင်ပါက ဝိပဿနာရှုသော ခန္ဓာသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောတွင် အာရုံနှင့် အကြောင်းတိုက်ဆိုင်ခိုက်သာ ဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်သွားသော သဘောခန္ဓာသာ ဖြစ်၏။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားခန္ဓာ၊ ထိခန္ဓာ၊ တွေးခန္ဓာအနေဖြင့် အာရုံနှင့်ဒွါရတိုက်မှ ဖြစ်ပေါ် နေသော **(ဝိညာဏ်သိ သဘောခန္ဓာ)**တို့သာဖြစ်ပြီး ထိုခန္ဓာတို့၏ မမြဲသော အနိစ္စသဘာဝကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် စတင်နားလည်ခွင့်ရပေမည်။

### " ခန္ဓာ၏သဘာဝ "

ခန္ဓာဟူသည် ဒွါရခြောက်ပါး (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော) တို့၌ လုံးဝထင်မလာသော ပြင်ပတွင်ရှိနေသော ရုပ်နာမ်တရားများ လည်းရှိ၏။ ဒွါရခြောက်ပါးတွင် ထင်လာသော်လည်း ဥပါဒါန်၏အာရုံ

အဖြစ်သို့ မရောက်ပဲ ပြင်ပတွင်ကျန်ခဲ့သော ရုပ်နာမ်တရားများလည်းရှိ၏။ ထိုရုပ်နာမ်တရားတို့သည် ဒွါရခြောက်ပါး၌ ထင်သည်ဖြစ်စေ၊ မထင်သည်ဖြစ်စေ ဖြစ်-တည်-ပျက်သဘောရှိသော ပရမတ္ထတရားတို့သာ ဖြစ်ကြပါသည်။ သို့သော် ဝိပဿနာရှုမှုတွင် ဒွါရတို့၌ထင်လာပြီး ဝီထိ(စိတ်)တို့ဖြင့် သိခွင့်ရသော ရုပ်နာမ် ခန္ဓာတို့ကိုသာ အရှုခံအဖြစ် ဝိပဿနာရှုရခြင်း ဖြစ်ပါသည်။

ထို့ကြောင့်မြင်သည့်နာမ်ရုပ်ပေါ်မှ မျက်စိ၊ ကြားသည့်နာမ်ရုပ်ပေါ်မှ နား၊ နံသည့်နာမ်ရုပ်ပေါ်မှ နှာခေါင်း၊ စားသည့်နာမ်ရုပ်ပေါ်မှ လျှာ၊ထိသည့်နာမ်ရုပ်ပေါ်မှ ကိုယ်၊ တွေးသည့် နာမ်ရုပ်ပေါ်မှ မနောစသည်ဖြင့် သိခွင့်ရခြင်းဖြစ်ပါသည်။ ထိုအခါ ဝိပဿနာ ရှုပွါးရာ၌ မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားခန္ဓာ၊ ထိခန္ဓာ၊ တွေးခန္ဓာအနေဖြင့် ဒွါရအလိုက် ပရမတ်တရားတို့ကို ရှုပွားနိုင်လေသည်။

**" ရုပ်ဆိုသည်မှာ "**

ရုပ်ဟူသည် ဆန့်ကျင်ဖက်တရားတို့နှင့်တွေ့ပါက ဖောက်ပြန်ပြောင်းလဲတတ်သောသဘော ဖြစ်သည်။ ရုပ်ကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသောဓာတ်ကြီးလေးပါးတို့၌ ဖောက်ပြန်ပြောင်းလဲနေသော သဘောအားဖြင့် သိမြင်နိုင်ပါသည်။

၁။ ပထဝီဓာတ် - မာစေ၊ ပျော့စေတတ်သောဓာတ် (ဝါ)သတ္တိ
၂။ အာပေါဓာတ် - ဖွဲ့စည်း၊ ယိုစီးစေတတ်သောဓာတ် (ဝါ)သတ္တိ
၃။ တေဇောဓာတ် - ပူစေ၊ အေးစေတတ်သောဓာတ် (ဝါ)သတ္တိ
၄။ ဝါယောဓာတ် - ထောက်ကန်၊တွန်းတိုးစေတတ်သောဓာတ်(ဝါ)သတ္တိ

ပထဝီဓာတ်ကို မာခြင်း၊ ပျော့ခြင်းဟု **လက္ခဏာအားဖြင့်** အမိပ္ပါယ်ဖွင့်ဆိုပါသည်။ သို့သော် မာခြင်း၊ ပျော့ခြင်းကို ဖြစ်စေသော သိပ်သည်းခြင်းဓာတ် (element of solidity)ကသာ ပထဝီဓာတ် ဖြစ်ပါသည်။ ယင်းကို

ဉာဏ်ဖြင့်သာ သိမြင်နိုင်ပါသည်။ သိပ်သည်းခြင်း (density) များလျှင်မာ၍ သိပ်သည်းခြင်း (density)နည်းလျှင် ပျော့ပါသည်။ မာခြင်းပျော့ခြင်းကို လက်ဖြင့်စမ်း၍ မိမိဘက်မှအမြင် (subjective view)ဖြင့် သိနိုင်သော်လည်း ပရမတ်တို့၏ သဘာဝသည် သူ့သဘောသူဆောင်သည်ဖြစ်၍ သူ့သဘာဝအတိုင်း သူ့ဘက်မှအမြင် (objective view)ဖြင့်သာ သိနိုင်သော ဉာဏ်၏အာရုံ (mind object)အရာသာ ဖြစ်ပါသည်။

အာပေါဓာတ်ကို သမုတိနယ်အနေဖြင့် ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းဟု သိကြပါသည်။ ပရမတ်နယ်တွင် အစုအပေါင်းဖြစ်အောင် ဖွဲ့စည်းတတ်သောဓာတ် (element of cohesion)ကသာ အာပေါဓာတ်ဖြစ်ပါသည်။ ဥပမာ - သစ်သားတို့ကို အိမ်ပုံသဏ္ဍာန် ဖွဲ့စည်းလိုက်ပါက အိမ်ဖြစ်၍ စားပွဲ၊ ထိုင်ခုံ ပုံစံဖွဲ့စည်းပါက စားပွဲ၊ ထိုင်ခုံ ဖြစ်ပါသည်။ ၎င်းကဲ့သို့ အသွင်ပုံသဏ္ဍာန် ပြောင်းလဲနေခြင်းသည် အာပေါဓာတ်၏ ဖွဲ့စည်းမှုအစွမ်းသတ္တိ(forming power)သာ ဖြစ်လေသည်။ ရေတွင် အာပေါဓာတ်အားနည်း၍ ရေခဲတွင် အာပေါဓာတ် အားကောင်းပါသည်။ ဤသို့ဖြင့် အာပေါဓာတ်ကိုလည်း ဉာဏ်၏ အာရုံအနေဖြင့်သာ သိမြင်နိုင်ပါသည်။

တေဇောဓာတ်ကိုလည်း ပူခြင်း၊ အေးခြင်းဟု သိကြပါသည်။ ပရမတ်နယ် အသိတွင် ပူခြင်း၊ အေးခြင်းကို ဖြစ်စေတတ်သောဓာတ် (element of heat)ကသာ ဉာဏ်ဖြင့်သိရသော တေဇောဓာတ်ဖြစ်ပါသည်။ တေဇော ဓာတ်များလျှင်ပူ၍ တေဇောဓာတ်နည်းလျှင် အေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပူခြင်း အေးခြင်းသဘောသည် တေဇောဓာတ်၏အစွမ်းသတ္တိ (energizing power)သာ ဖြစ်လေသည်။

ထို့အတူ ဝါယောဓာတ်သည်လည်း ထောက်ကန် တည်ငြိမ်ခြင်း၊ တွန်းတိုး လှုပ်ရှားခြင်းကိုဖြစ်စေသောဓာတ် (element of motion)

ကသာ ပရမတ် ဝါယောဓာတ် ဖြစ်လေသည်။ တွန်းတိုးဝါယော(kinetic power)များလျှင် လှုပ်ရှား၍ ထောက်ကန်ဝါယော(supporting power) အားကောင်းပါက တည်ငြိမ်ခြင်းဖြစ်သည်။ ထို့ကြောင့် ပရမတ်နယ်တွင် ဘုရားရှင်ဟောကြားတော်မူသော ရုပ်သည် ဆန့်ကျင်ဖက်တရားတို့နှင့် တွေ့ပါက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏ ဖောက်ပြန်ပြောင်းလဲနေသောသဘောဖြစ်၍ ဉာဏ်သိ သက်သက်အရာများသာ ဖြစ်ကြပါသည်။

**" ကံ၊ စိတ်၊ ဥတု၊ အာဟာရ "**

ရုပ်သည်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသော အကြောင်းတရား (၄)ပါးတို့အပေါ်တွင် မှီနေရပြန်သည်။ ယင်းတို့ကို ရုပ်၏အကြောင်းတရား လေးပါးဟုခေါ်သည်။ အကြောင်းတရားလေးပါးတွင် စိတ်ကြောင့်ဖြစ်သော ရုပ်ကို စိတ္တဇရုပ် (mind-born materiality)ဟုခေါ်သည်။ ယင်းရုပ်သည် စိတ်ပြောင်းတိုင်း လိုက်၍ပြောင်းနေသောရုပ် ဖြစ်သည်။ ငိုချင်စိတ်ကြောင့် ငိုသည့်ရုပ်၊ ရီချင်စိတ်ကြောင့် ရီသည့်ရုပ်တို့ ဖြစ်ကြပါသည်။ ဥတုကြောင့် ဖြစ်သောရုပ်ကို ဥတုဇရုပ် (temperature-born materiality) ဟု ခေါ်သည်။ ပူသောဥတုကြောင့် ပူသည့်ရုပ်၊ အေးသော ဥတုကြောင့် အေးသည့်ရုပ် ဖြစ်ပေါ်ရသည်။ အာဟာရကြောင့်ဖြစ်သော ရုပ်ကို အာဟာရဇရုပ် (nutrient-born materiality)ဟု ခေါ်သည်။ အစာမစားရလျှင် ဆာသည့်ရုပ်၊ အစာဝလျှင် ပြည့်ဖြိုးသောရုပ်တို့ ဖြစ်ကြလေသည်။

**" ကံကြောင့်ဖြစ်သောရုပ် "**

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တွင် ကံကြောင့်ဖြစ်သောရုပ်(kamma-born materiality)သည် အသိရမလွယ်လှပါ။ အဘိဓမ္မာဒေသနာတွင်

ကံကြောင့် ဖြစ်သောရုပ်သည် ပသာဒရုပ်ဟုခေါ်သော မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်တို့ ဖြစ်ကြပါသည်။ ၎င်းအကြည်ရုပ်ကို နားလည်လွယ်အောင် ကြည့်မှန်နှင့် ဥပမာပေးရပါသည်။ မှန်သည် မျက်လုံးနှင့်တူ၏။ မှန်ပေါ်တွင် သုပ်ထားသော ပြဒါးသည် အကြည်ရုပ်နှင့်တူသည်။ ထိုအခါ မှန်ကို လူနှင့် မျက်နှာချင်း ဆိုင်လိုက်ပါက ပြဒါးကို အမှီပြု၍ ပုံရိပ်ထင်သကဲ့သို့ မျက်စိ အကြည်ရုပ်ကို အမှီပြု၍ မြင်စိတ်ဖြစ်ပေါ်ရလေသည်။ ထိုသို့ မျက်စိ အကြည်ရုပ်ကို နားလည်ပါက နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စသည့် အကြည်ရုပ်တို့သည်လည်း တစ်သဘောတည်းသာ ဖြစ်ကြပါသည်။ ယင်း အကြည်ရုပ်တို့သည် ကံကြောင့်သာဖြစ်ပေါ်နေရသဖြင့် ကံကုန်သော အခါ အကြည်ရုပ်တို့ ဖြစ်ပေါ်နိုင်ခြင်း မရှိတော့ပါ။ ထိုကြောင့် ကံကုန်၍ သေဆုံးသောအခါ အကြည်ရုပ်တို့ မဖြစ်ပေါ်နိုင်ကြသောကြောင့် စိတ် တို့လည်း ချုပ်ငြိမ်းရခြင်းဖြစ်လေသည်။

## " ခန္ဓာဉာဏ်ရောက် ရှုပ် "

လက်ထိပ်ဖြင့် စားပွဲပြင်ပေါ်တွင် ထိကြည့်ပါ။ တွေ့ထိသောအခြင်း အရာ ဖြစ်ပေါ်ရန်အတွက် နောက်မှတွန်းတိုး ထောက်ကန်သော သဘော သည် ရှိရ၏။ ထိုဝါယောဓာတ်၏ တွန်းမှုအစွမ်းကြောင့် လက်ထိပ်တွင် သိပ်သည်းခြင်း၊ ပထဝီဓာတ်သည် ဖြစ်ပေါ်လာ၏။ တွန်းမှု ဝါယောဓာတ် သည်လည်း တေဇောဓာတ်စွမ်းအားမရှိပဲနှင့် မဖြစ်နိုင်ချေ။ လှုပ်ရှားမှု တိုင်းတွင် စွမ်းအားလို၏။ ထိုတေဇော၊ ဝါယော၊ ပထဝီ ဓာတ်သုံးပါးတို့ကို အညီအညွတ် တစ်ပေါင်း တည်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းမှု အာပေါ ဓာတ်ရှိရသည်။ ဤသို့ဖြင့် ထိမှု တစ်ခုတွင် ဉာဏ်ဖြင့်သာ ဓာတ်ကြီး (၄)ပါးတို့ကို သိမ်းဆည်းနိုင်လေသည်။

လက်ထိပ်နှင့် စားပွဲပြင်ကို ထိရာတွင် အထက်ပါအတိုင်း ဉာဏ်ဖြင့် ဓာတ်ကြီး (၄)ပါးတို့ကို သိမ်းဆည်းတတ်ပါက လက်လည်းပျောက် စားပွဲလည်း ပျောက်ပြီး ဓာတ်(၄)ပါးဆိုသော ရုပ်ဖြစ်ပေါ်မှုကို ဉာဏ်ဖြင့် စတင်၍ နှလုံးသွင်း သိမြင်နိုင်ပေသည်။ ရုပ်နှင့်နာမ်သဘောကို ထိမှုကရုပ်၊ သိမှုကနာမ်ဟု ဆိုသော်လည်း သမုတိနယ်မှ သူသိ၊ ငါသိမျိုး မဟုတ်ပါ။ သတိ၊ သမာဓိ၊ ပညာဖြင့် နှလုံးသွင်းပြီး ဉာဏ်ဖြင့်သာသိနိုင်သော ပရမတ်အမြင်မျိုးသာ ဖြစ်ပါသည်။

**“ ရုပ် နှင့် ဝိပဿနာ ”**

ပရမတ်ရုပ်တို့ကို ဉာဏ်ဖြင့်သိမ်းဆည်းတတ်ပါက ပရမတ်တရား တို့၏သဘာဝသည် ဉာဏ်တွင် ထင်ရှားလာပေမည်။ ပရမတ်တရား တို့သည် အကြောင်း အထောက်အပံ့ဖြင့်သာ ဖြစ်ပေါ်ကြ၏၊ ဖြစ်တဲ့နေရာ မှာပင် ချုပ်ပျောက်၏၊ နေရာရွှေ့ပြောင်းခြင်း လုံးဝမရှိပါ။ အကြောင်း ညီညွတ်သည်နှင့် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ကြ၏။ ဤသို့ဖြင့် ပရမတ်တရားတို့၏သဘာဝကို ဉာဏ်ဖြင့် တွေ့မြင်လာပေမည်။ ထိုအခါ (အရှိကိုအရှိအတိုင်း) ယထာဘူတကျကျ သိမြင်သောကြောင့် ထိုရုပ် တရားတို့အပေါ်မှာ မမြဲသည့်သဘော၊ အခိုင်အမာ အနှစ်သာရ မရှိသည့် သဘောစသည်ဖြင့် ဉာဏ်မှာထင်ရှားလာပြီး သူများပြောမဟုတ်ဘဲ ကိုယ်ပိုင်သိဖြင့် ရုပ်ကို ငါ၊ ငါ့ဥစ္စာမဟုတ်ဟု ဆုံးဖြတ်နိုင်ပေမည်။

ထိုသို့ အမှန်အတိုင်း သိမြင်ခြင်းဖြင့် အဝိဇ္ဇာချုပ်သောကြောင့် ရုပ်တရားအပေါ်မှာ တွယ်တာ စွဲလမ်းနေသော တဏှာ၊ ဥပါဒါန်များကို ပယ်နိုင်လေသည်။ ထိုအခါ အကြောင်းတရားတို့နှင့်တကွ ရုပ်တရား တို့၏ဖြစ်ခြင်းပျက်ခြင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို သစ္စာ လေးပါးနှင့်ယှဉ်၍ ထိုးထွင်းသိမြင်သွားသောကြောင့် အဝိဇ္ဇာ၊ တဏှာ၊

ဥပါဒါန်ဆိုသော သမုဒယအား မဂ်ဉာဏ်ဖြင့် အပြီးပယ်နိုင်ကာ ဒုက္ခချုပ်ငြိမ်းသည့် နိရောဓသစ္စာကို မျက်မှောက်ပြု ဆိုက်ရောက်နိုင်လေသည်။

## " နာမ်ဆိုသည်မှာ "

နာမ်ဆိုသည်မှာ အာရုံကို ညွှတ်တတ်သောသဘောရှိသည်။ အာရုံနှင့်ဒွါရတို့ တိုက်ဆိုင်ပါက နာမ်တရားများဖြစ်ပေါ်သည်။ နာမ်ခန္ဓာ (၄)ပါး ရှိသည်။

၁။ ဝိညာဏက္ခန္ဓာ - အာရုံကို သိတတ်သောသဘောအစု

၂။ ဝေဒနာက္ခန္ဓာ - အာရုံကို ခံစားတတ်သောသဘောအစု

၃။ သညာက္ခန္ဓာ - အာရုံကို မှတ်သားတတ်သောသဘောအစု

၄။ သင်္ခါရက္ခန္ဓာ - အာရုံကို စေ့ဆော်ပြုပြင်တတ်သောသဘောအစု

နာမ်ခန္ဓာ (၄)ပါးတို့သည် တစ်ပြိုင်နက်ဖြစ်ကြ၍ တစ်ပြိုင်နက်ချုပ်၏။ နာမ်တရားတို့သည် မျက်စိနှင့် အဆင်းတို့ တိုက်ဆိုင်တွေ့ထိမှုကြောင့် မျက်စိအကြည်ရုပ်ကို အမှီပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် နာမ်တရား (၄)ပါးတို့သည် မှီရာအကြည်ရုပ်လည်း တူ၏၊ အာရုံလည်းတူ၏၊ ဖြစ်မှုပျက်မှု လည်းတူ၏။ ယင်းတို့၏ ကိုယ်ပိုင်လက္ခဏာများသာ ခြားနားကြ၍ ကျန်သဘာဝများမှာ အတူတူပင်ဖြစ်သည်။ တစ်ချိန်တွင် ထင်ရှားသော နာမ်တရားတစ်ခုကို သိမြင်ပါက ကျန်နာမ်တရား သုံးခုတို့လည်း အတူပါဝင်ပြီး ဖြစ်လေသည်။ ထို့ကြောင့် နားလည်ရလွယ်ကူသော သညာက္ခန္ဓာ နာမ်တရား တစ်ခုကိုသိမြင်ပါက ကျန်နာမ်တရားတို့ကိုလည်း နားလည်သိမြင်နိုင်ပေမည်။

## " သညာက္ခန္ဓာ "

အာရုံကို မှတ်သားတတ်သောသဘော အစုအပေါင်းကို သညာက္ခန္ဓာဟုခေါ်၏။ ဥပမာ လူတိုင်းတွင် နာမည်ကိုယ်စီရှိကြပါသည်။ သို့သော်

မွေးသောအခါက နာမည်မပါ။ အဖေအမေက နာမည်ပေးသောကြောင့် ခေါ်ဝေါ်ပြောဆို ဆက်ဆံရန်အတွက် နာမည်တစ်ခု ရလေသည်။ ထို နာမည်ကို မှတ်သားထားသောသညာမှာ ခန္ဓာတွင် တကယ်ရှိပါသည်။ သို့သော် ထိုသညာကိုမေ့နေကြသည်။ တကယ်မရှိပဲ ခေါ်ဝေါ် ဆက်ဆံရန်အတွက် သုံးရသော ထိုနာမည်ကိုတော့ ခေါ်သံကြားလိုက် သည်နှင့် ငါပဲ၊ ငါ့နာမည်ပဲဟု တကယ်ထင်ကြပါသည်။ အမှန်မှာ နာမည် ခေါ်သံကြားခြင်းသည် အသံ(ရုပ်)နှင့် ကြားစိတ်(နာမ်)မျှသာ ဖြစ်သော် လည်း ကြားသူမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုသော ပုဂ္ဂိုလ်၊ သတ္တဝါ အဖြစ် အသိမှား၊ အမှတ်မှား၊ အယူမှားများ ဖြစ်ပေါ်သွားလေသည်။

အမှန်မှာ မိမိနာမည်ကို ခေါ်သံကြားပါက မိမိမှာ သညာသာ ပေါ်၏။ နာမည်ကို သညာက မှတ်သားထားခြင်းသာဖြစ်သည်။ သညာပေါ်သည်ဟု ဉာဏ်က အကြောင်းတရားကို မသိမ်းဆည်းတတ် သောကြောင့် (ရုပ်နာမ်)ပရမတ်ကိုကွယ်၍ ငါပဲ၊ ငါ့နာမည်ပဲဟု ပုဂ္ဂိုလ်၊ သတ္တဝါ ပညတ်အမြင်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သညာအပေါ်မှာ တဏှာ၊ ဥပါဒါန်ကပ်ခြင်းကြောင့် ငါဟု အထင်မှားသွားခြင်း ဖြစ်လေသည်။

ဤကဲ့သို့ သညာသဘောကို စတင်နှလုံးသွင်းနိုင်ပါက မြင်၊ ကြား၊နံ၊ စား၊ ထိ၊ တွေးတို့တွင် ခေါ်ဝေါ်ပြောဆိုရန်ဖြစ်သော အမည်ပညတ်တို့ အပေါ်၌ အမှန်ရှိတယ်ဟူ၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲထင်နေ သော အထင်မှားများ လျော့ပါးသက်သာလာပြီး သညာ၏သဘော အမှန်ကို စတင် နားလည်ခွင့် ရပေမည်။ ထိုသို့ သညာ ပရမတ်အပေါ်တွင် အမြင်စင်ကြယ်လာပါက ဉာဏ်ရင့်လာသောအခါတွင် မြင်လျှင် ရူပ သညာ (အဆင်း)၊ ကြားလျှင် သဒ္ဒသညာ (အသံ) စသည်ဖြင့် ဂန္ဓသညာ (အနံ့)၊ ရသသညာ (အရသာ)၊ ဖောဋ္ဌဗ္ဗသညာ (အထိ)၊ ဓမ္မသညာ (သဘော)

အနေဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါလွတ်အောင် ဒွါရအလိုက် ပရမတ်တရားတို့ကို သိမြင်ခွင့်ရရှိလာပေမည်။ ထိုအခါ သညာသည် ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ မှတ်သားတတ်သော သဘောမျှ သတ္တိရှိသည့် သညာအဖြစ် သိမြင်သွားပြီး မှတ်သားမှုသက်သက်ဆိုသော ဓမ္မသဘာဝ ကြိယာသဘောကို ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ပေမည်။

သညာကို အထက်ပါအတိုင်း ဉာဏ်ဖြင့် သိမ်းဆည်းသကဲ့သို့ ကျန် ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏ်များကိုလည်း မိမိဉာဏ်မှာ ထင်ရှားလာသည့်အတိုင်း ဓမ္မသဘာဝ ကြိယာသဘောသက်သက်အပေါ်တွင် ကြိုးစားသိမ်းဆည်း နှလုံးသွင်းပွားများခြင်းဖြင့် ဝိပဿနာအလုပ်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တိုင်အောင် အားထုတ်နိုင်ကြပေမည်။

## " အနိစ္စသညာ နှင့် အနတ္တသညာ "

မိမိ၏နာမည်ခေါ်သံက ကျေးဇူးပြုမှုကြောင့် မိမိမှာသညာဖြစ်ပေါ်၏။ နာမည်ခေါ်သံဆုံးသည်နှင့် ထိုသညာချုပ်၏။ သညာ၏ ဖြစ်မှုပျက်မှုသည် သူ့သဘောသူဆောင်၏။ ထိုသညာသည် မိမိခန္ဓာမှာ ဖြစ်ပေါ်သော်လည်း မိမိနှင့်မဆိုင်ချေ။ ထိုသညာကို ကိုယ်ပေါ်ချင်တိုင်း ပေါ်၍မရ၊ နာမည်ခေါ်သံက ကျေးဇူးပြုမှ ဖြစ်ပေါ်ရ၏။ ထိုသညာကို တည်တံ့အောင်၊ မပျက်အောင်လည်း လုပ်၍မရ၊ နာမည်ခေါ်သံဆုံးသည်နှင့် ချက်ခြင်းချုပ်ပျောက်၏။ အနိစ္စသဘော ဖြစ်၏။ ထိုကြောင့် သညာအပေါ်မှာ အစိုးမရပါ၊ သူ့သဘောသူဆောင်၍ အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေခြင်းသာဖြစ်သည်။

နာမည်ခေါ်သံနှင့်နားတို့ အကြောင်းတိုက်ဆိုင်မှ ထိုသညာ ဖြစ်ပေါ်၏။ ခေါ်သံနှင့်နားတို့ အကြောင်းမတိုက်ဆိုင်ခင်ကလည်း ထိုသညာ မရှိ။ အကြောင်းကင်းသောအခါ၌လည်း ထိုသညာမရှိ။ သညာ၏ မမြဲမှု

(အနိစ္စ)၊ အခိုင်အမာ အနှစ်သာရ မရှိမှု၊ သူ့သဘောသူဆောင်မှု (အနတ္တ) စသည်တို့ကို သိမြင်မှုသည် အနိစ္စ၊ အနတ္တလက္ခဏာများသာ ဖြစ်ကြပါသည်။

## " ဒုက္ခသညာ "

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ လက္ခဏာရေးသုံးပါးတွင် ဒုက္ခလက္ခဏာသည် အသိရ မလွယ်လှပါ။ မိမိနာမည် ခေါ်သံကြားပါက မိမိမှာ သညာပေါ်၏။ နာမည်ခေါ်တိုင်း ထိုသညာပေါ်၏။ ဆက်တိုက်ခေါ်ပါက သညာလည်း ဆက်တိုက်ဖြစ်ပေါ်နေ၏။ မိမိမှာ ထိုသညာ မပေါ်ချင်သော်လည်း မရပါ၊ အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်ပေါ်နေသော သညာအပေါ်တွင် ထိန်းမနိုင် သိမ်းမရဖြစ်ပေါ်နေခြင်းသဘောသည် လည်းကောင်း၊ ဖြစ်ပေါ်သောနေရာမှာပင် ချက်ခြင်းချုပ်ပျောက်နေသည့် သဘောသည်လည်းကောင်း၊ ဆင်းရဲခြင်း ဒုက္ခလက္ခဏာပင် ဖြစ်လေသည်။ ဖြစ်တိုင်းချုပ်နေသည့်သဘောကို သိမြင်သောကြောင့် ဖြစ်နေသည်ကိုပင် ဆင်းရဲဟု ဉာဏ်တွင် ရှေးရှုထင်ရှားလာလေသည်။ ၄င်းသည် ပရမတ်နယ်မှ ဉာဏ်ဖြင့်သာ သိရသော ဆင်းရဲ ဒုက္ခဖြစ်ပါသည်။

## " ပစ္စယပရိဂ္ဂဟဉာဏ် "

ဖြစ်ပေါ်လာသော တရားတိုင်းတွင် အကြောင်းအရင်းခံ ရှိ၏။ ဖန်တီးရှင် မရှိ၊ တန်ခိုးရှင် မရှိ၊ အလိုလိုဖြစ်တာ မရှိဟူသော ဘုရားရှင်၏ အနတ္တဝါဒအရ အကြောင်းကို သိမ်းဆည်းနိုင်ရန်အတွက် အကြောင်းအကျိုး သဘာဝကို နားလည် သိမြင်ရပေမည်။ သမုတိနယ်တွင် အကြောင်းအကျိုးကို ပုဂ္ဂိုလ်၊ သတ္တဝါအမြင်ဖြင့် သိမြင်ပြီး ပရမတ်နယ်တွင် ရုပ်နာမ် ဓမ္မသဘာဝ အမြင်ဖြင့် နားလည်သိမြင်ရလေသည်။

## “ အတ္တ နှင့် အနတ္တ ”

အကြောင်းနှင့်အကျိုး ဆက်နွှယ်မှုတွင် အကျိုးတရားအပေါ်တွင် မိမိအလိုအတိုင်း ဖြစ်သည်ဟုယူဆလျှင် အတ္တအယူဖြစ်သည်။ အကျိုးတရားသည် အကြောင်းအားလျော်စွာ ဖြစ်သည်ဟုယူလျှင် အနတ္တအယူဖြစ်ပါသည်။ ၎င်းကို လက်တွေ့သုံးသပ်လိုလျှင် လက်ခုပ်တီးကြည့်ပါ။ လက်ခုပ်တီးခြင်းသည် အကြောင်းဖြစ်၍ လက်ခုပ်သံမည်ခြင်းသည် အကျိုးဖြစ်သည်။ ထိုအခါ လက်ခုပ် တီးနေပါလျက် လက်ခုပ်သံမမည်ပါနှင့်ဟု မိမိအလိုဖြင့် အမိန့်ပေး၍မရသလို လက်ခုပ်မတီးဘဲ လက်ခုပ်သံမည်အောင်လည်း မိမိအလိုဖြင့် လုပ်၍မရပါ။ ထို့ကြောင့် မိမိအလိုဖြင့် အကျိုးတရားအပေါ်တွင် အစိုးမရဘဲ အကျိုးတရားသည် အကြောင်းအားလျော်စွာပင် ဖြစ်ပေါ်ရလေသည်။ ဤသို့ လက်တွေ့ကျကျ သိမြင်ပါက သဘာဝတွင် အတ္တသဘာဝမရှိဘဲ အနတ္တသဘာဝသာရှိသည်ကို ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပေမည်။

## “ မိမိသည် အကြောင်းတရားကိုသာ အားထုတ်ရ၏။ ”

အခန်းတစ်ခုတွင် မှောင်နေပါက ထိုအမှောင်ကို ဖယ်ချင်လျှင် အမှောင်ကို တိုက်ရိုက်ဖယ်ထုတ်၍ မရပေ။ အလင်းဆိုသော အကြောင်းတရားကိုသာ အားထုတ်ရခြင်းဖြစ်ပါသည်။ အလင်းဖြစ်ပေါ်သည်နှင့် အမှောင် ချုပ်ပျောက်ရ၏။ မိမိသည် အမှောင်ဖယ်ထုတ်ခြင်းဆိုသော အကျိုးတရားကို ပြုလုပ်၍ မရပါ။ အလင်းဖြစ်ပေါ်ရန် အကြောင်းတရားကိုသာ ပြုလုပ်ရလေသည်။ ထို့ကြောင့် အကျိုးတရားသည် မိမိအလိုနှင့်မသက်ဆိုင်ဘဲ အကြောင်းတရားတို့ ညီညွတ်ပြည့်စုံပါက အကျိုးတရားသည် သူ့သဘောသူဆောင်ပြီး သဘာဝမှ အသစ်အသစ်အနေနှင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

## " သမ္မုတိ အကြောင်းအကျိုး "

သမုတိနယ်တွင် အကြောင်းအကျိုးကို လူတိုင်း နားလည်ကြပါသည်။ 'အကြောင်းကောင်းလို့ အကျိုးကောင်းတာ၊ အကြောင်းဆိုးလို့ အကျိုးဆိုးတာ'ဆိုပြီး အကြောင်းတရားနှင့် အကျိုးတရားသည် တိုက်ရိုက် ဆက်နွယ်နေမှု (connection) သဘောမျိုးဖြစ်သည်။ ပရမတ်နယ်တွင် အကြောင်းတရားနှင့် အကျိုးတရားသည် တိုက်ရိုက် ဆက်နွယ်ခြင်း သဘောမျိုးမရှိပါ။ အကြောင်းတရားသည် အကျိုးတရားကို အခြေအနေပေးမှု (condition) သဘောမျိုးဖြင့်သာ ကျေးဇူးပြုပေးခြင်းဖြစ်သည်။ အကျိုးတရားသည် အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် တစ်ပြိုင်နက် သူ့သဘောသူဆောင်ပြီး သဘာဝတရား (အသစ်)တစ်ခု အနေဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

ဥပမာ - ရေကို မီးအပူပေးပါက မီးပူသောကြောင့် ရေပူသည်ဟု တိုက်ရိုက် အကြောင်းအကျိုး ဆက်နွယ်မှု (connection) သဘောမျိုးယူလျှင် သမုတိနယ်မှ အမြင်ဖြစ်၏။ မီးပူမှုအကြောင်းတရားမှ ရေပူမှုအကျိုးတရားကို မွေးဖွားလိုက်သကဲ့သို့ဖြစ်သည်။ သိပ္ပံနယ်တွင် မီးအပူဓာတ်သည် ရေသို့ စီးဆင်းကူးပြောင်းသွားသည်ဟု ယူဆပါသည်။

## " ပရမတ် (ပဋ္ဌိစ္စသမုပ္ပါဒ်) အကြောင်းအကျိုး "

ပရမတ်နယ်တွင် မီးတွင်ရှိသော အပူတေဇောဓာတ်သည် ဖြစ်သည့်နေရာမှာ ချုပ်၏။ နေရာပြောင်းရွှေ့ခြင်း လုံးဝမရှိပါ။ ရေပူခြင်းသည် ရေတွင်ရှိသော အေးသည့် တေဇောဓာတ်များ ချုပ်ပျောက်ပြီး ပူသည့် တေဇောဓာတ် များ သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ သို့သော်လည်း မီးဆိုသော အကြောင်းတရား၏ကျေးဇူးပြုမှုနှင့်တော့ မကင်းနိုင်ချေ။ မီးသည် ရေပူမှုအပေါ်တွင် တိုက်ရိုက်ဆက်နွယ်မှု

(connection) သဘောမျိုး (အစိုးရခြင်း)မဟုတ်ပဲ အခြေအနေပေးမှု (condition) သဘောမျိုးဖြင့်သာ (ကျေးဇူး ပြုခြင်း) ဖြစ်သည်။ ထို့ကြောင့် ရေပူခြင်းကိစ္စတွင် မီးသည် အပူဓာတ် အကြောင်းတရားတို့ လုံလောက် ပြည့်စုံမှုဖြင့် ကျေးဇူးပြုခြင်း သဘောမျိုးသာ ဖြစ်သည်။ ရေပူခြင်း အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေသော သဘာဝတရားမျိုးသာ ဖြစ်ပါသည်။

နောက်ဥပမာတစ်ခုမှာ လေတိုက်၍ သစ်ရွက်လှုပ်ခြင်းဖြစ်သည်။ သမုတိနယ်တွင် လေတိုက်ခြင်းသည် အကြောင်းတရားဖြစ်၍ သစ်ရွက် လှုပ်ခြင်းသည် အကျိုးတရားဖြစ်သည်။ ယင်းတွင် လေတိုက်ခြင်း အကြောင်းတရားသည် သစ်ရွက်လှုပ်ခြင်း အကျိုးတရားအပေါ်တွင် တိုက်ရိုက်ဆက်နွယ်နေသည်။ ပရမတ်နယ်တွင် လေတွင်ပါဝင်သော ဝါယောဓာတ်သည် လေမှာပင် ချုပ်ပျောက်၏၊ သို့သော် သစ်ရွက် လှုပ်ခြင်းသည် သစ်ရွက်တွင် ပါဝင်သော (မူလ) တည်ငြိမ် ဝါယောချုပ် ပျောက်၍ လှုပ်ရှားဝါယော (အသစ်)ဖြစ်ပေါ်လာသောကြောင့် သူ့သဘောသူဆောင်ကာ လှုပ်ရှားခြင်းဖြစ်ပါသည်။

ထိုသို့ လှုပ်ရှားဝါယော (အသစ်)ဖြစ်ပေါ်လာခြင်းသည် လေတိုက် ခြင်းဆိုသောအကြောင်းတရား၏ (ကျေးဇူးပြုမှု)နှင့်တော့ကင်း၍ မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် အကြောင်းတရားသည် အကျိုးတရား အပေါ်တွင် တိုက်ရိုက် ဆက်နွယ်မှု (connection) သဘောမျိုးဖြင့် အစိုး ရခြင်း မရှိသော်လည်း အခြေအနေပေးမှု (condition) သဘောမျိုး ဖြင့်သာ ကျေးဇူးပြုပြီး အကျိုးတရားသည် သူ့သဘော သူဆောင်ကာ အသစ် အသစ် အနေဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

ထို့အတူ ဖယောင်းတိုင် မီးကူးမှုတွင်လည်း ပထမဖယောင်းတိုင်မှ မီးသည် ဒုတိယ ဖယောင်းတိုင်ကို အခြေအနေပေးမှု (condition) သဘောမျိုးဖြင့်သာ ကျေးဇူးပြုခြင်းဖြစ်သည်။ ဒုတိယ ဖယောင်းတိုင်၌ မီးတောက်မှုသည် ဒုတိယ ဖယောင်းတိုင်ရှိ တေဇောဓါတ်က သူ့သဘော သူဆောင်ကာ မီးတောက်အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပထမ ဖရောင်းတိုင်မှ ဒုတိယဖရောင်းတိုင်သို့ မီးကူးပြောင်းခြင်းသဘောမျိုး မရှိပါ။

ထိုသို့ နားလည်သိမြင်လျှင် သမုတိနယ်တွင် အကြောင်းတရား သည် အကျိုးတရားအပေါ်၌ တိုက်ရိုက်ဆက်နွယ်မှု သဘောမျိုး ယူထားခြင်းဖြစ်သည်။ ပရမတ်နယ်တွင် အကြောင်းတရားသည် အခြေအနေပေးမှုဖြင့် ကျေးဇူးပြုမှုသာ ရှိပြီး အကျိုးတရားသည် သူ့သဘောသူဆောင်၍ အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ၎င်းအမြင် သည် အကြောင်းနှင့်အကျိုးဆက်နွယ်မှုကို ပဋိစ္စသမုပ္ပါဒ် အမြင်ဖြင့် ပိုင်းခြားသိမြင်ပြီး ပစ္စယပရိဂ္ဂဟဉာဏ်၏ အခြေခံသဘောတရား (concept)တစ်ခုကိုရရှိလေသည်။ ထိုသို့ မိမိခန္ဓာတွင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုရရန် ခန္ဓအကြောင်းအကျိုးကို ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်ဖြင့် နားလည် သိမြင်အောင် နှလုံးသွင်းအားထုတ်ရပေမည်။

**“ ခန္ဓာ နှင့် အကြောင်းအကျိုး ”**

| | | |
|---|---|---|
| မျက်စိ + အဆင်း | ⟶ | မြင်စိတ် |
| ( အကြောင်း ) | | ( အကျိုး ) |

ခန္ဓာကို အကြောင်းအကျိုးဖြင့် နှလုံးသွင်းတတ်လျှင် အကြောင်းတရား ဖြစ်သော မျက်စိနှင့်အဆင်း တွေ့ဆုံတိုက်ဆိုင်မှုသည် မိမိ(စေတနာ)နှင့်

သက်ဆိုင်သော်လည်း အကျိုးတရားဖြစ်သော မြင်စိတ်သည် ပုဂ္ဂိုလ်နှင့် လုံးဝမသက်ဆိုင်ပဲ အကြောင်းတရားတို့ ပြည့်စုံညီညွတ်မှုကြောင့်သာ သူ့သဘောသူဆောင်ပြီး အသစ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အကြောင်းတရားတို့တွင် နီးသော (ပစ္စယ)အကြောင်းနှင့် ဝေးသော(ဟေတု) အကြောင်းဟူ၍ နှစ်မျိုးရှိ၏။ မြင်မှုတွင် မျက်စိနှင့်အဆင်း တိုက်ဆိုင်မှုသည် နီးသောအကြောင်းဖြစ်၍ အတိတ်မှကံသည်ဝေးသော အကြောင်းဖြစ်ပါသည်။ သို့သော် အတိတ်မှကံသည် ဟေတုဖြစ်၍ အဓိကပိုကျပါသည်။ ဥပမာ- ကံကုန်၍ သေဆုံးပြီးသောသူကို မျက်စိနှင့် အဆင်း တိုက်ဆိုင်ပေးသော်လည်း မြင်စိတ် မဖြစ်ပေါ်နိုင်တော့ပါ။ ထို့ကြောင့် မြင်မှုတွင် အကျိုးတရား မြင်စိတ်ဖြစ်ပေါ်ရခြင်းသည် အတိတ်ကံဆိုသော အကြောင်းတရားသည်သာ ပဓာနကျပါသည်။

မိဘနှစ်ပါးတွင် သားသမီးများ မွေးဖွားခြင်းကို အကြောင်းအကျိုးအားဖြင့်လည်း သိမြင်နိုင်ပါသည်။ မိဘနှစ်ပါး တွေ့ဆုံပေါင်းဖက်မှုသည် နီးသော (ပစ္စယ)အကြောင်းဖြစ်၍ အတိတ်မှကံသည် ဝေးသော (ဟေတု) အကြောင်း ဖြစ်သည်။ နီးသောအကြောင်းရှိသော်လည်း အတိတ်မှဝေးသောအကြောင်းကံ မရှိပါက သားသမီး မရနိုင်ပါ။ ထို့ကြောင့် မွေးဖွားလာသော သားသမီးသည် အကျိုးတရားဖြစ်၍ သူ၏ကံအကြောင်းတရားအတိုင်း သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာသော အကျိုးတရားသာ ဖြစ်လေသည်။ ဤကဲ့သို့ အကြောင်းအကျိုးကို မသိမြင်နိုင်သောကြောင့် အတ္တအမြင်ဖြင့်သာ ငါ့သား၊ ငါ့သမီးအနေဖြင့် ခိုင်ခိုင်မြဲမြဲ စွဲစွဲလမ်းလမ်း သိမ်းပိုက်သောသဘော ဒိဋ္ဌိ၊ တဏှာအမြင်ဖြင့် ဖြစ်ပေါ်နေကြရခြင်း ဖြစ်ပါသည်။

## " ပဋိစ္စသမုပ္ပါဒ် နှင့် အခြေခံဉာဏ်နှစ်ပါး "

ဝိပဿနာအလုပ်တွင် ပဋိစ္စသမုပ္ပါဒ်ကို နားလည် သိထားသင့်ပါသည်။ ပဋိစ္စသမုပ္ပါဒ်သည် ဘဝသံသရာ အကြောင်းအကျိုးပင် ဖြစ်သည်။ သမုတိနယ်မှ ပရမတ်နယ်သို့ကူးရာတွင်၎င်း၊ သစ္စာနယ်သို့ ဝင်ရာတွင်၎င်း မသိမဖြစ် အလွန်အရေးကြီးသော ဒေသနာတော်ပင် ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လျှင် သံသရာလည်ပုံကို၎င်း၊ သံသရာပြတ်ပုံကို၎င်း သိမြင်နိုင်ပါသည်။ ထို့ပြင် ဝိပဿနာကို လက်တွေ့နှလုံးသွင်းရာ၌ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ရုပ်နာမ်၊ ကြောင်းကျိုးတို့ကို သိမ်းဆည်းခြင်းအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ကိုယ်ပိုင်သိခွင့်ရပေမည်။

### " ပဋိစ္စသမုပ္ပါဒ် "

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ - မသိမှုနှင့် အားထုတ်သောကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်၏။

သင်္ခါရ ပစ္စယာ ဝိညာဏံ - ကုသိုလ်၊ အကုသိုလ်ကံကြောင့် သိမှု ဝိညာဏ် ဖြစ်၏။

ဝိညာဏ ပစ္စယာ နာမရူပံ - ဝိညာဏ်ကြောင့် နာမ်ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝတ္ထုရုပ်)တို့ဖြစ်၏။

နာမရူပ ပစ္စယာ သဠာယတနံ - နာမ်ရုပ်ကြောင့် အာယတန (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော) ဖြစ်၏။

သဠာယတန ပစ္စယာ ဖဿော-အာယတနကြောင့် တွေ့ထိမှု ဖဿဖြစ်၏။

ဖဿ ပစ္စယာ ဝေဒနာ - ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်၏။

ဝေဒနာ ပစ္စယာ တဏှာ - ဝေဒနာကြောင့် တွယ်တာမှု တဏှာဖြစ်၏။

တဏှာ ပစ္စယာ ဥပါဒါနံ - တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။

ဥပါဒါန ပစ္စယာ ဘဝေါ - ဥပါဒါန်ကြောင့် (ကုသိုလ်၊ အကုသိုလ်)
ကမ္မဘဝ ဖြစ်၏။
ဘဝ ပစ္စယာ ဇာတိ - ကံကြောင့် နောက်ဘဝ၊ နောက်ခန္ဓာ ဖြစ်၏။
ဇာတိ ပစ္စယာ ဇရာ မရဏ - ဇာတိကြောင့် ဇရာ (အိုခြင်း)၊ မရဏ
(သေခြင်း)ဖြစ်၏။

အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ်ဖြစ်သည်။ အတိတ်က သစ္စာလေးပါးကိုမသိမှု အဝိဇ္ဇာဖြင့် ကာယ၊ ဝစီ၊ မနောတို့ကို အားထုတ်သောကြောင့် အဖြူအမဲရောသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံများ ဖြစ်ခဲ့ကြရသည်။

ထိုအတိတ်ကံ၏ အစွမ်းသတ္တိကြောင့် ယခုပစ္စုပ္ပန်တွင် ပဋိသန္ဓေအခါ ပဋိသန္ဓေဝိညာဏ် (သို့မဟုတ်)ပဝတ္တိအခါ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် မြင်စိတ် (စက္ခုဝိညာဏ်) ဖြစ်ပေါ်သည်။ ဝိညာဏ်၏နီးသောအကြောင်းသည် မျက်စိနှင့်အဆင်းတိုက်မှုကြောင့်ဖြစ်သော်လည်း ဝေးသောအကြောင်းတွင် ကံသည် အဓိကဖြစ်သည်။ ထို့ကြောင့် သင်္ခါရပစ္စယာ ဝိညာဏံဟု ဘုရားရှင် ဟောကြားတော်မူခြင်းဖြစ်သည်။ စက္ခုဝိညာဏ်ကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ (နာမ်တရား)များနှင့် စက္ခုဝတ္ထု ရုပ်တရားတို့ဖြစ်ကြ၏။

ထိုနာမ်ရုပ်ကြောင့် မြင်သည့်နာမ်ရုပ်၏တည်ရာဖြစ်သော စက္ခာယတန (မျက်စိ)ဖြစ်ပေါ်၏။ စက္ခာယတနကြောင့် အာရုံနှင့် တွေ့ထိခြင်း ဖဿဖြစ်၏။ ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်ပေါ်လာ၏။ ဝေဒနာဖြစ်လျှင် တပ်မက်မှု တဏှာဖြစ်၏။ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် (ကုသိုလ်၊ အကုသိုလ်) ကမ္မဘဝများဖြစ်ပေါ်လာသည်။ ထို 'ကံ' တို့ကြောင့် ဇာတိ၊ ဇရာ မရဏဆိုသော အနာဂတ်ဘဝခန္ဓာများ အဖြစ် မွေးခြင်း၊ အိုခြင်း၊ သေခြင်း စသည်တို့ ဆက်လက်ဖြစ်ပေါ်နေရသည်။

ပဋိစ္စသမုပ္ပါဒ်တွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ (၃)ပိုင်းခွဲထား၏။ အတိတ်က 'ကံ'ကြောင့် ပစ္စုပ္ပန်တွင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှု တို့၌ ခန္ဓာငါးပါးတို့ ဖြစ်ပေါ်နေရသည်။ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် သုတ္တန်နည်းဖြင့် ဟောကြားသော ခန္ဓာငါးပါး ဖြစ်သည်။ မြင်ရာတွင် ဖြစ်ပေါ်သော (ခန္ဓာငါးပါး)အပေါ်မှာ တွယ်တာမှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်)တို့ ဖြစ်လျှင် ကုသိုလ်၊ အကုသိုလ် (ကံ)များ ဖြစ်ပေါ်ရသည်။ ယင်းကံသည် အနာဂတ် ဘဝ (ဇာတိ၊ ဇရာမရဏ)တို့ကို ဖြစ်ပေါ်၏။

ထို့ကြောင့် ဝိပဿနာ၏ အခြေခံသဘောတရားဖြစ်သော မြင်ရာတွင် နှစ်သက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန် မရှိလျှင် (ကံ)မဖြစ်တော့ချေ။ ကံအကြောင်းတရားမရှိပါက အနာဂတ် ဇာတိ၊ ဇရာမရဏ ချုပ်ငြိမ်း၏။ ထိုအခါ ပဋိစ္စသမုပ္ပါဒ် မလည်တော့ပဲ ရပ်၏။ ထို့ပြင် မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာ၊ တွေးရာတို့မှာလည်း အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာငါးပါးတို့အပေါ်တွင် တဏှာ၊ ဥပါဒါန်ဖြင့် မစွဲလမ်းပါက လောဘ၊ ဒေါသ၊ မောဟ ဆိုသော ကိလေသာတရားဆိုးများ ချုပ်ငြိမ်းကာ ပဋိစ္စသမုပ္ပါဒ်ရပ်ပြီး သံသရာပြတ်လေတော့သည်။

(၃၃)

## “ ပဋိစ္စသမုပ္ပါဒ် နှင့် အကြောင်းအကျိုး ”

| | |
|---|---|
| အဝိဇ္ဇာ<br>သင်္ခါရ | အတိတ်အကြောင်း (သမုဒယသစ္စာ) |
| ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ | ပစ္စုပ္ပန်အကျိုး (ဒုက္ခသစ္စာ) |
| တဏှာ<br>ဥပါဒါန်<br>ကမ္မဘဝ | ပစ္စုပ္ပန်အကြောင်း (သမုဒယသစ္စာ) |
| ဇာတိ<br>ဇရာမရဏ | အနာဂတ်အကျိုး (ဒုက္ခသစ္စာ) |

ပဋိစ္စသမုပ္ပါဒ်ကို အကြောင်းအကျိုးအားဖြင့် ပိုင်းခြားလျှင် အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ် (အကြောင်း)ဖြစ်၍ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် (အကျိုး)ဖြစ်သည်။

တစ်ဖန် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည် ပစ္စုပ္ပန်(အကြောင်း) ဖြစ်ပြန်၍ ဇာတိ၊ ဇရာမရဏသည် အနာဂတ် (အကျိုး) ဖြစ်ပြန်သည်။ ဤသို့အကြောင်းတစ်လှည့်၊ အကျိုးတစ်လှည့် ဖြစ်ပေါ်နေခြင်းဖြင့် အကြောင်းအကျိုးဆက် (ဘဝ)သံသရာသည် မပြီးဆုံးနိုင်တော့ချေ။

အကြောင်းတရားသည် သမုဒယသစ္စာထိုက်၍ အကျိုးတရားသည် ဒုက္ခသစ္စာ ထိုက်သည်။ ယခုအခါ မြင်လိုက်၊ ကြားလိုက်သည်နှင့် ပစ္စုပ္ပန် အကျိုးတရား (ခန္ဓာငါးပါး) ဖြစ်လေသည်။ ၎င်းသည် ဒုက္ခသစ္စာ ထိုက်၏။ ထို့ကြောင့် မြင်သောအခါ ဖြစ်ပေါ်သော ခန္ဓာငါးပါးကို ယောကျ်ား၊ မိန်းမအနေဖြင့် အသိမှားမှု အဝိဇ္ဇာကြောင့် နှစ်သက်မှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်)ဖြစ်ပေါ်၏။ စွဲလမ်းမှု ဥပါဒါန်ကြောင့် ကာယ၊ ဝစီ၊ မနောဖြင့် အားထုတ်မှု (သင်္ခါရ) ပြုလုပ်သောအခါ ကုသိုလ်၊ အကုသိုလ် (ကံ)များ ဖြစ်လေသည်။ ထိုအခါ နောက်ဘဝ နောက်ခန္ဓာကို ဖြစ်စေသော ကံ-အကြောင်းတရား သမုဒယသစ္စာ ထိုက်တော့သည်။

ထို့ကြောင့် (ဘဝ)ဆိုသည်မှာ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ပဋိစ္စသမုပ္ပါဒ် အကျိုးတရား (ခန္ဓာငါးပါး) နှင့် အကြောင်းတရား (တဏှာ၊ ဥပါဒါန်၊ ကံ)တို့ ဖြစ်ပေါ်နေသလို သစ္စာအနေဖြင့်လည်း (ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ)တို့ ဖြစ်ပေါ်နေခြင်းမျှသာ ဖြစ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်သိမြင်ပါက ဝိပဿနာ၏ အခြေခံသဘောတရားဖြစ်သော အကြောင်းအကျိုးကို အနတ္တဉာဏ်ဖြင့် ခွဲခြားသိမြင်ပြီး ဒုက္ခသစ္စာက သိရမည့် (အကျိုးတရား)၊ သမုဒယသစ္စာက ပယ်ရမည့် (အကြောင်းတရား) အဖြစ် ပိုင်းခြားသိမြင်နိုင်ပေမည်။

ထိုအခါ သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့်ပယ်၍ သမုဒယချုပ်သောကြောင့် ဒုက္ခငြိမ်းခြင်းသည် နိရောဓသစ္စာ ဆိုက်ခြင်းဖြစ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်သိမြင်ခြင်းဖြင့် သမုတိနယ်မှ ပရမတ်နယ်ရောက်ကာ သစ္စာဝင်သည် အထိ နှလုံးသွင်းအားထုတ်နိုင်ပေမည်။

## " ပဋိစ္စသမုပ္ပါဒ် နှင့် ဝဋ် (၃)ပါး"

| (ဝိပါကဝဋ်) | (ကိလေသဝဋ်) | (ကမ္မဝဋ်) |
|---|---|---|
| ဝိညာဏ် | | |
| နာမ်ရုပ် | အဝိဇ္ဇာ | |
| သဠာယတန | တဏှာ | သင်္ခါရ |
| ဖဿ | ဥပါဒါန် | ကံ |
| ဝေဒနာ | | |
| (အကျိုးတရား) | (အကြောင်းတရား) | |
| ဒုက္ခသစ္စာ | သမုဒယသစ္စာ | |

ပဋိစ္စသမုပ္ပါဒ်ကို ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဟူ၍ ဝဋ် (၃)ပါးဖြင့် ပိုင်းခြားနိုင်လေသည်။ ဝိပါကဝဋ်တွင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ပါဝင်၍ ကိလေသဝဋ်တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်နှင့် ကမ္မဝဋ်တွင် သင်္ခါရ၊ ကံတို့ပါဝင်လေသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောတို့တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ သဘောတရား တို့နှင့် တိုက်ဆိုင်ပါက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ တွေးစိတ် တို့သည် ဝိပါကဝဋ် (အကျိုးတရား)အနေဖြင့် ဖြစ်ပေါ်ရ၏။ သို့သော် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဝိပါကဝဋ်အနေဖြင့် ဖြစ်ပေါ်နေသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ဒုက္ခသစ္စာအဖြစ် မသိပဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် အသိမှားမှုသည် အဝိဇ္ဇာ၊ နှစ်သက်မှုသည် တဏှာ၊ စွဲလမ်းမှုသည် ဥပါဒါန်တို့ ဖြစ်ပေါ်ကြပါသည်။ ၎င်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် (ကိလေသဝဋ်)ဖြစ်သည်။ ထိုသို့ ရုပ်နာမ်အာရုံ တို့ကို အဝိဇ္ဇာကြောင့် အမှန်အတိုင်း မသိမြင်ပဲ ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့်

ဥပါဒါန်ဖြင့် စွဲယူပြီး ကိုယ်အလို အတိုင်းပြီးမြောက်အောင် ကာယ၊ ဝစီ၊ မနော သင်္ခါရတို့ဖြင့် အားထုတ်၏။ ထိုအခါ ကုသိုလ်၊ အကုသိုလ်ကံများကို ဖြစ်စေတော့သည်။ ထိုသို့အားထုတ်မှု ဖြစ်သော သင်္ခါရနှင့်ကံတို့သည် (ကမ္မဝဋ်)ဖြစ်ပါသည်။

**" ကံဟောင်း နှင့် ကံသစ် "**

အကျိုးတရားဖြစ်သော ဝိပါကဝဋ်သည် (ကံဟောင်း)ကြောင့် ဖြစ်ပေါ်ရပြီး အကြောင်းတရားဖြစ်သော ကိလေသဝဋ်နှင့် ကမ္မဝဋ်သည် (ကံသစ်)ကို ဖြစ်ပေါ်စေသည်။ ထိုအခါ အကြောင်းတရားထိုက်သော (ကံသစ်)တို့သည် နောက်ဘဝ နောက်ခန္ဓာကို ဖြစ်ပေါ်စေ၏။ ထိုသို့ အကျိုး (ကံဟောင်း)နှင့် အကြောင်း (ကံသစ်)တို့ အဆက်မပြတ် ဖြစ်ပေါ်နေခြင်းကို ဉာဏ်တွင် သံသရာဝဋ်ဒုက္ခအနေဖြင့် သိမြင်နိုင်ပေမည်။

**" ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် အနတ္တသဘာဝ "**

ပဋိစ္စသမုပ္ပါဒ်သည် ပရမတ် အကြောင်းအကျိုးဆိုသည့် အနတ္တသဘာဝ ဖြစ်သည်။ သမုတိ အကြောင်းအကျိုးနှင့် လုံးဝမတူပါ။ ပဋိစ္စသမုပ္ပါဒ်တွင် အင်္ဂါ (၁၂)ပါး ပါဝင်သော်လည်း လက်တွေ့တွင် သိလွယ်မြင်လွယ်သော ဥပါဒါနပစ္စယာ ဘဝေါကို ပရမတ်အကြောင်းအကျိုးအားဖြင့် နားလည်လျှင် ပဋိစ္စသမုပ္ပါဒ်ကို အနတ္တသဘာဝအနေဖြင့် သိမြင်နိုင်ပေမည်။

ဥပါဒါနပစ္စယာ ဘဝေါကို အဓိပ္ပါယ်ဖွင့်လျှင် ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်၏။ စွဲလမ်းမှုကြောင့် ကိုယ့်အလိုအတိုင်းပြီးမြောက်အောင် ကာယ၊ ဝစီ၊ မနောတို့ဖြင့် အားထုတ်ကြ၏။ ထိုသို့အားထုတ်မှုကြောင့် ကုသိုလ် အကုသိုလ်ကံများ ဖြစ်ပေါ်ရလေသည်။ စွဲလမ်းမှု ဥပါဒါန်ကြောင့် ကုသိုလ် အကုသိုလ်ကံများ ဖြစ်ပေါ်နေသည်ကို မိမိကိုယ်တိုင် သိမြင်အောင်

နှလုံးသွင်းနိုင်ရပေမည်။ ထိုကံများသည် အကြောင်းညီညွတ်ပြည့်စုံပါက နောက်ဘဝ နောက်ခန္ဓာတို့ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့အပေါ်တွင် ဥပါဒါန်ကပ်၊ မကပ်ကို သတိထား နှလုံးသွင်းရပေမည်။ ဥပါဒါန်ကပ်ပါက ကုသိုလ် အကုသိုလ်ကံများ ဖြစ်ပေါ်လာကြ၍ ဥပါဒါန်မကပ်ပါက မနောကံတောင် မဖြစ်ပေါ်ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်နိုင်ပေမည်။

ဤသို့ ဥပါဒါနပစ္စယာ ကမ္မဘဝကို ခန္ဓာဉာဏ်ရောက်အနေဖြင့် မိမိ၏ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးခန္ဓာမှာ ကိုယ်ပိုင်သိမြင်အောင် နှလုံးသွင်းနိုင်မှသာ အကြောင်းကိုသိမ်းဆည်းတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိနိုင်ပေမည်။ ထိုအခါ ကုသိုလ် အကုသိုလ်ကံတို့ကို 'ငါလုပ်တယ်ဟု' မယူတော့ပဲ ဥပါဒါန်ကြောင့် ဖြစ်ပေါ်နေသည်ကို ဓမ္မသဘောအတိုင်း သိမြင်သွားလေသည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန်ကို သိမြင်ခြင်းဖြင့် ငါဆိုသော ပုဂ္ဂိုလ်၊ သတ္တဝါ အယူမှ စတင် လွတ်မြောက်နိုင်လေသည်။ ထိုအခါ သမုတိနယ်မှ ပုဂ္ဂိုလ်၊ သတ္တဝါ အယူလွတ်ပြီး ပရမတ်နယ်မှ ဓမ္မသဘောသက်သက်ကို ပဋိစ္စသမုပ္ပါဒ်ဉာဏ် အမြင်ဖြင့် နှလုံးသွင်းတတ်လာပေမည်။

**" ဓမ္မအလို၊ ငါ့အလို၊ ဉာဏ်အလို "**

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောတို့တွင် အာရုံနှင့် အကြောင်းတိုက်ဆိုင်တိုင်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေ၏။ အကျိုးတရားဖြစ်သော ဝိပါကဝဋ်သည် ဓမ္မအလို (ဓမ္မနိယာမ)အတိုင်းသာ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အကျိုးတရားသည် ပုဂ္ဂိုလ်အလိုနှင့်လုံးဝသက်ဆိုင်ခြင်း မရှိကြပါ။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်နေသော အနတ္တ ဓမ္မသဘာဝသာ ဖြစ်လေသည်။

ကိလေသဝဋ်ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကြောင့် (ငါ့အလို) ဖြစ်ရလေသည်။ ဥပါဒါန်၏အစွမ်းဖြင့် အတ္တသဘော ဆောင်၏။ ဝိပါက ဝဋ်ဖြစ်သော မြင်စိတ်၊ ကြားစိတ်တို့သည် ဓမ္မအလိုအတိုင်းသာ ဖြစ်ကြ သော်လည်း ကိလေသဝဋ်ဖြစ်သော ငါ့အလိုနှင့် မကိုက်ညီသောအခါ မြင်မှုအပေါ်တွင် မနှစ်သက်ခြင်း၊ ကြားမှုအပေါ်တွင် ဒေါသဖြစ်ခြင်းစသည့် အကုသိုလ်ကံများသည် ကမ္မဝဋ်တွင် ဖြစ်ပေါ်ကြလေသည်။ (ဓမ္မအလို) ဖြစ်သော ဝိပါကဝဋ်အပေါ်တွင် ကိလေသဝဋ်ဖြစ်သော (ငါ့အလို)နှင့် မကိုက်ညီလျှင် ဒေါသ၊ ငါ့အလိုနှင့် ကိုက်ညီလျှင် လောဘဖြစ်ပေါ်ရလေသည်။

ထို့ကြောင့် ကိလေသဝဋ်ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် ပယ်နိုင်သောအခါ (ဉာဏ်နှင့်ယှဉ်)၍ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့အပေါ်တွင် စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် (ဉာဏ်အလို)အတိုင်း ဆောင်ရွက်နိုင်လေသည်။ ထိုအခါ ဓမ္မအလိုအတိုင်း ဖြစ်ပေါ်လာသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး တို့ကို မဂ္ဂင်ဉာဏ်ဖြင့်သိမြင်ပါက လောဘ၊ ဒေါသ၊ မောဟ မဖြစ်ပဲ အလောဘ၊ အဒေါသ၊ အမောဟတို့ဖြင့် လောကအကျိုးတို့ကို ဉာဏ်ဖြင့် ယှဉ်ကာ ညီညွတ်မျှတစွာ ဆောင်ရွက်နေထိုင်နိုင်လေသည်။

### " **အာရုံ** "

အာရုံဆိုသည်မှာ (စိတ်၊ စေတသိက်)တို့၏ ကျက်စားရာကိုခေါ် ပါသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ သဘောတရား စသည် တို့သည် သဘာဝတို့သာ ဖြစ်ကြသည်။ ၎င်းတို့ကို စိတ်၊ စေတသိက် တို့ဖြင့် ကျက်စားနိုင်သောကြောင့် အာရုံဟုခေါ်၏။ ထိုအခါ အဆင်းသည် ရူပါရုံ၊ အသံသည် သဒ္ဒါရုံ၊ အနံ့သည် ဂန္ဓာရုံ၊ အရသာသည် ရသာရုံ၊ အထိသည် ဖေါဋ္ဌဗ္ဗာရုံ၊ သဘောတရားသည် ဓမ္မာရုံတို့ ဖြစ်ကြလေသည်။

၁။ အာရုံသည် သိရရုံ (သဘောမျှ)သက်သက်သာ ဖြစ်၏။
၂။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အစိုင်အခဲသဘောမျိုးမရှိ၊
(ဒြပ်မဲ့၊ ဝတ္ထုမဲ့) ဖြစ်၏။
၃။ မှန်မှာ (ပုံရိပ်)ပေါ်သလို အကြောင်းတိုက်ဆိုင်မှသာ ဖြစ်ပေါ်၍
အကြောင်းကင်းလျှင် ချုပ်ပျောက်၏။ (အမြဲမရှိ)သောသဘောဖြစ်၏။
၄။ အခိုင်အမာမရှိ၊ အနှစ်သာရမရှိ၊ အမာခံသဘောမျိုးမရှိ။
၅။ ငါ၊ ငါ့ဥစ္စာအဖြစ်မှ သုဉ်းဆိတ်သော (သုညတ)သဘောရှိ၏။

**“ အဝိဇ္ဇာက အာရုံကို ဖုံးတယ် ”**

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် မျက်စိသည် အဆင်းအာရုံနှင့်သာ ဆက်ဆံသည်။ နားသည် အသံ၊ နှာခေါင်းသည် အနံ့၊ လျှာသည် အရသာ၊ ကိုယ်သည် အထိ၊ မနောသည် သဘောအာရုံတို့နှင့်သာ ဆက်ဆံနိုင်ကြသော်လည်း အဝိဇ္ဇာသည် ထိုထိုအာရုံတို့ကို (အာရုံ)မှန်း မသိနိုင်အောင် ဖုံးကွယ်ထား၏။ ထို့ပြင် ထိုအာရုံတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် အသိမှားအောင် လှဲ့စားဖေါ်ပြနိုင်လေသည်။ ထိုကြောင့် အဝိဇ္ဇာ၏ အစွမ်းသတ္တိသည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အာရုံကို အာရုံလို့ အရှိကို အရှိအတိုင်း အမှန်ကိုမသိမြင်အောင် ဖုံးလွှမ်းခြင်းကိစ္စ ရှိလေသည်။

**“ ဒိဋ္ဌိက အာရုံကို အခိုင်အမာယူတယ် ”**

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အဝိဇ္ဇာသည် အာရုံကို အမှန်မသိအောင်ဖုံး၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် အသိမှားအောင် လှဲ့စားထားနိုင်ပါသည်။ သို့သော် အဝိဇ္ဇာသည် မျက်လှဲ့ပြသူနှင့်တူ၏။ မဟုတ်သည်ကို အဟုတ်ထင်အောင်သာ လုပ်နိုင်ပါသည်။ လူတိုင်းကို ယုံအောင်တော့ မလုပ်နိုင်ပါ။ မျက်လှဲ့ကြည့်သူတို့တွင် မသိသူသာယုံ၏၊ သိသူမှာ မျက်စိနှင့်မြင်တိုင်း မယုံပါ။ လိမ်နေသည်ကို ဉာဏ်အမြင်ဖြင့်

သိမြင်သောကြောင့် ဖြစ်ပါသည်။ ထို့အတူ ဒိဋ္ဌိရှိသူသာ အဝိဇ္ဇာ၏ လှဲ့စားသည့်အတိုင်း ယုံ၏၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုလို့ အခိုင်အမာ ယူ၏။ ဒိဋ္ဌိမရှိသူမှာ အဝိဇ္ဇာ၏လှဲ့စားမှုမှ လွတ်မြောက်၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုလို့ အခိုင်အမာ မစွဲယူတော့ချေ။ ဆင်ခြင်လိုက်သည်နှင့် အာရုံကိုအာရုံလို့ အမှန်အတိုင်း သိမြင်လေသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ အယူကို ဒိဋ္ဌိဖြင့် (ပြင်းစွာ) စွဲလမ်းခြင်းမှ လွတ်မြောက်လေသည်။

### " တဏှာက အာရုံကို ဆာတယ် "

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင်ရှိသော အဆင်း၊ အသံ၊ အနံ၊ အရသာ၊ အထိဆိုသည့် ကာမဝတ္ထုတို့ကို (အာရုံ)အနေဖြင့် ဆာလောင်ခြင်း ဖြစ်သည်။ ကောင်းတာတွေကို မြင်ချင်၊ ကြားချင်၊ နမ်းချင်၊ စားချင်၊ ထိတွေ့ချင်တာတို့သည် အာရုံကို တောင်းတခြင်း၊ လိုချင်ခြင်း၊ ဆာလောင်ခြင်းစသည်တို့ဖြစ်၍ အာရုံနောက်လိုက်ခြင်းပင် ဖြစ်လေသည်။ အာရုံကိုဆာလောင်ခြင်းကြောင့် အာရုံနောက်လိုက်ခြင်းသည် တဏှာ၏ လက်ချက်ပင် ဖြစ်သည်။ တဏှာကို မပယ်ရသေးသမျှ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်၏။ တဏှာဖြစ်သည်ကို မကြောက်နှင့်၊ ဖြစ်ပေါ်လာသော တဏှာကို မသိလိုက်မှာသာ ကြောက်ရပေမည်။ သတိဖြင့် မဂ္ဂင်အသိလိုက်နိုင်သည်နှင့် တဏှာချုပ်၏။ တဏှာချုပ်တာကို သိမှလည်း နိရောဓဆိုက်၏။ တဏှာဖြစ်ပေါ်သော်လည်း မဂ္ဂင်အသိလိုက်နိုင်ပါက (တဏှာချုပ်ရာ) တဒင်္ဂနိရောဓ ဆိုက်လေတော့သည်။

### " အာရုံကို အာရုံလို့သိရန် ခက်တယ် "

အာရုံကို အာရုံလို့ အမှန်သိရန် မလွယ်လှပါ။ အာရုံကို ပုဂ္ဂိုလ်၊သတ္တဝါ၊ အနေဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲကြပါသည်။ ယင်းသည် ကိလေသဝဋ်မှ ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့၏ လက်ချက်ဖြစ်သည်။ အဝိဇ္ဇာ၊

တဏှာ၊ ဥပါဒါန် ထူနေသမျှ အာရုံလို့ မသိနိုင်ချေ။ အာရုံကို အမှန်သိရန် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ကို ဝိပဿနာပညာ မဂ်ပညာဖြင့် ပယ်ရလေသည်။ သမုတိနယ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အနေဖြင့် (မျက်မြင်)ဆက်ဆံကြသော်လည်း (ဉာဏ်မြင်)တွင် အာရုံလို့ အမှန်သိမြင် နှလုံးသွင်းနိုင်ပါက သမ္မာဒိဋ္ဌိ ဖြစ်ပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့် ပြောဆိုဆက်ဆံနေရသော်လည်း သတ္တဝါအယူမှ လွတ်သောကြောင့် မဂ္ဂင်အသိဖြင့် (သမုဒယ) ကိလေသာကိုပယ်နိုင်ပြီး နိရောဓ ဆိုက်ခြင်းဖြစ်လေသည်။

**" အာရုံ ဖြစ်ပျက် "**

သမုတိနယ်မှ ဒြပ်၊ ဝတ္ထုပစ္စည်းများ၏ ဖြစ်ပျက်ကို သိမြင်နားလည်ကြပါသည်။ ယင်းကို မျက်မြင် ကိုယ်တွေ့အားဖြင့်လည်း သိနိုင်ကြပါသည်။ သို့သော် အာရုံ၏ ဖြစ်ပေါ်ချုပ်ပျောက်မှုကို သိမြင်ရန် မလွယ်ကူလှပါ။ ယင်းအာရုံ ဖြစ်ပျက်သည် အဇ္ဈတ္တဖြစ်၍ ဉာဏ်ဖြင့်သာ သိမြင်နိုင်ပါသည်။ ဥပမာ ကားစီး သွားသောအခါ မြင်ကွင်းတွင် အာရုံမျိုးစုံကို တွေ့မြင်ရလေသည်။ သို့သော် ထိုထိုအာရုံတို့ကို အများဖြင့် မစွဲပါ။ အဘယ်ကြောင့်ဆိုသော် ထိုအာရုံတို့သည် သဘာဝသဘောသူဆောင်ပြီး အကြောင်းတိုက်ဆိုင်တုန်းဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်သွားသောကြောင့် ဖြစ်ပါသည်။ သို့သော် တစ်ချို့ အာရုံတို့မှာ ဥပါဒါန်ဖြင့်စွဲယူလိုက်သောကြောင့် မိမိ၏စိတ်အစဉ်တွင် မပြောက်မပျက်ပဲ မြဲနေသလို စွဲလမ်းထင်မြင်နေရခြင်းဖြစ်ပါသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိစသော အာရုံငါးပါးသည် ဥပါဒါန်၏ အာရုံဖြစ်သောကြောင့် ဥပါဒါန်ဖြင့်စွဲယူထားပါက ခိုင်မြဲနေလေသည်။ ဥပါဒါန်လွတ်ပါက အာရုံတို့သည် သဘာဝသဘောသူဆောင်ပြီး

ဖြစ်သည့်နေရာမှာ ချုပ်ပျောက်နေသည်ကို သတိပဋ္ဌာန်ဖြင့် နှလုံးသွင်းနိုင်ပါက သိမြင်နိုင်ပေမည်။ ဥပမာ - အမေနှင့် မျက်နှာချင်းဆိုင်ထိုင်နေလျှင် အမေရှိပါသည်။ အမေနှင့် မျက်နှာလွှဲလိုက်လျှင် အမေ မရှိတော့ပါ။ (အာရုံ)အနိစ္စဖြစ်လေသည်။ အမေကိုယ်တိုင် ရှိနေသေးသော်လည်း အမေ၏(အာရုံ) မရှိမှုသဘောကို ခွဲခြား နားလည်ရပေမည်။ အမေနှင့် မျက်နှာလွှဲထား၍ မိမိ၏အဇ္ဈတ္တအတွင်းမှာ (အမေ၏အာရုံ) မရှိခြင်းသာ ဖြစ်ပါသည်။ ယင်းသည် ဉာဏ်ဖြင့်သာ သိမြင်နိုင်သော အာရုံဖြစ်ပေါ်မှုနှင့် ချုပ်ပျောက်မှုဖြစ်သည်။ မဂ္ဂင်အားကောင်းလာပါက အာရုံ၏ဖြစ်ပျက် အနိစ္စကိုသိမြင်၍ အာရုံကို အခိုင်အမာ စွဲယူ တတ်သော တဏှာ၊ ဥပါဒါန်တို့ကို ပယ်နိုင်ပြီး တဏှာချုပ်ရာ နိရောဓသစ္စာကို ဆိုက်ရောက်နိုင်လေသည်။

## " အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဘယ်မှာရှိသလဲ "

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်မှာ မရှိပါ။ မနောမှာသာ ရှိပါသည်။ မနောကိုသိမှသာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို တွေ့နိုင်ပေမည်။ မျက်စိသည် အဆင်းနှင့်ဆက်ဆံ၍ နားသည် အသံ၊ နှာခေါင်းသည် အနံ့၊ လျှာသည် အရသာ၊ ကိုယ်သည် အထိနှင့် ဆက်ဆံပါသည်။ ထို့အတူ မနောသည်လည်း သဘောဓမ္မာရုံနှင့် ဆက်ဆံပါသည်။ ထို့ကြောင့် မနောနှင့် ဓမ္မာရုံတို့၏ အလုပ်လုပ်ပုံ ဖြစ်စဉ်ကိုသိပါက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့၏ သဘောကိုလည်း ဉာဏ်ဖြင့် ပိုမိုသဘောပေါက် နားလည်နိုင်ပေမည်။

## " မနောဒွါရ နှင့် ဓမ္မာရုံ "

ဝိပဿနာဉာဏ်သည် မနောမှာဖြစ်သောကြောင့် မနောဒွါရနှင့် ဓမ္မာရုံကို သိသင့်ပေသည်။ ဝိပဿနာ၏ ရည်ရွယ်ချက်မှာ သစ္စာလေးပါး သိမြင်ရန်အတွက် ဖြစ်သည်။ သစ္စာလေးပါးကို သိသောဉာဏ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်မှာ မဖြစ်ပါ။ မနောမှာသာ ဖြစ်ပေါ်ပါသည်။ သစ္စာလေးပါး ဖြစ်ပေါ်ပုံကိုသိမှလည်း ဝိပဿနာ၏သဘောကို ပိုမို သဘောပေါက် နားလည်နိုင်ပေမည်။

မနောဒွါရနှင့်ဓမ္မာရုံသည် ဉာဏ်နှင့်သာသိနိုင်သောအရာ ဖြစ်၏။ ဥပမာ လူတိုင်းတွေးကြပါသည်။ ထိုသို့တွေးနေချိန်တွင် ပုံရိပ်များလည်း ပေါ်ပါသည်။ အတွေးများထဲတွင် စကားများလည်း ပြောကြပါသည်။ သို့သော် ထိုပုံရိပ်၊ ထိုစကားသံတို့သည် မျက်စိ၊ နားစသည်တို့ဖြင့် သိရခြင်း မဟုတ်ပါ။ ထိုပုံရိပ်၊ ထိုစကားသံတို့သည် ဓမ္မာရုံမှာပေါ်ပြီး မနောဒွါရမှ စိတ်ဖြင့်သိရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မနောဒွါရနှင့် ဓမ္မာရုံရှိသည်မှာ သေချာသော်လည်း နေရာအားဖြင့်တော့ မပြနိုင်ပါ။ ဉာဏ်ဖြင့်သာသိနိုင်

သောအရာဖြစ်သည်။ သို့သော်လည်း အလုပ်သဘော (function)ကို နားလည် လွယ်ကူနိုင်ရန် ပုံစံ (diagram)ထုတ်၍ ရှင်းလင်း တင်ပြထားပါသည်။

**“ မနောဒွါရ နှင့် ဓမ္မာရုံ ပုံစံ ( diagram) ”**

**(မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်) (အဆင်း၊အသံ၊အနံ့၊အရသာ၊အထိ)**




**(မနောဒွါရ)** **(ဓမ္မာရုံ)**

**စိတ် + ဥပါဒါန်** **ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊**

စက္ခုဒွါရနှင့် ရူပါရုံ၊ သောတဒွါရနှင့် သဒ္ဒါရုံ၊ ဃာနဒွါရနှင့် ဂန္ဓာရုံ၊ ဇိဝှာဒွါရနှင့် ရသာရုံ၊ ကာယဒွါရနှင့် ဖောဋ္ဌဗ္ဗာရုံဆိုသော အာရုံလက်ခံရာ ဒွါရ (၅)ခုနှင့် အာရုံ (၅)ခုကို အသိများကြသော်လည်း မနောဒွါရနှင့်ဓမ္မာရုံကို အသိနည်းကြပါသည်။

မျက်စိသည် ပြင်ပ သမုတိနယ်တွင်ရှိသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုနှင့်တိုက်ဆိုင်သောအခါ မျက်စိတွင် အဆင်းပုံရိပ်သာ ပေါ်ပါသည်။ ထို့ကြောင့် မျက်စိသည် အဆင်းကိုသာသိပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ

(ပညတ်)တို့ကို မသိပါ။ မျက်စိတွင် အဆင်းပုံရိပ်ပေါ်သည်နှင့် တစ်ပြိုင်နက် မနောဒွါရတွင်လည်း ပုံရိပ်ပေါ်ပါသည်။ ယင်းသည် ဓမ္မနိယာမ (law of nature) ဖြစ်ပါသည်။ သို့သော် မနောဒွါရတွင် ပုံရိပ်ပေါ်သော်လည်း ထင်ထင်ရှားရှား မသိနိုင်သေးချေ။ ယင်းကို ဓမ္မာရုံအဖြစ် အာရုံပြုမှသာ မနောမှ (ပုံသဏ္ဍာန်သိစိတ်၊ အမည်သိစိတ်)တို့ဖြစ်ပြီး ပုံသဏ္ဍာန် အမည်နာမတို့ဖြင့် ထင်ထင်ရှားရှား သိခွင့်ရခြင်းဖြစ်ပါသည်။

ထိုကြောင့် မျက်စိမှမြင်သော်လည်း မနောကဆင်ခြင်ပြီးမှ သိရခြင်း ဖြစ်ပါသည်။ ထိုသို့ မျက်စိမှမြင်၍ မနောကသိမှုဖြစ်စဉ်ကို နားလည် သဘောပေါက်ပါက နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့နှင့် သက်ဆိုင်ရာအာရုံတို့၏ သိမှုဖြစ်စဉ်တို့တွင်လည်း တစ်သဘောတည်း အတူတူပင် ဖြစ်လေသည်။ နားကကြား၍ မနောကသိ၏၊ နှာခေါင်းက နံ၍ မနောကသိ၏၊ လျှာကစား၍ မနောကသိ၏၊ ကိုယ်ကထိ၍ မနောက သိ၏။ သို့သော် အတွေးသိမှုဖြစ်စဉ်တွင် မနောသည် ပြင်ပမှအာရုံကို မယူပဲ ပုံတွင်ပြထားသည့်အတိုင်း မနောသည် ဓမ္မာရုံမှာပေါ်သော အာရုံကိုသာ ဆင်ခြင်ပြီး သိခွင့်ရခြင်းဖြစ်ပါသည်။

မျက်စိမှ မြင်စိတ်သည် မြင်သော်လည်း ကွဲကွဲပြားပြား မသိမြင် နိုင်ချေ။ ၄င်းသည် အာရုံကို လက်ခံရာဌာန (receptor) သဘောမျိုး သာဖြစ်၏။ အမှန်တကယ်သိရခြင်းမှာ မနောဒွါရတွင် ဆင်ခြင်စိတ်ဖြစ် ပေါ်ပြီး ပုံသဏ္ဍာန်နှင့် အမည်တို့ကို သိသောစိတ်ကြောင့် ဖြစ်လေသည်။ မျက်စိသည် အဆင်း (ရူပါရုံ)နှင့်သာ ဆက်ဆံ၏။ နားသည် အသံ(သဒ္ဒါရုံ)၊ နှာခေါင်းသည် အနံ့(ဂန္ဓာရုံ)၊ လျှာသည် အရသာ(ရသာရုံ)၊ ကိုယ်သည် အထိ(ဖေါဋ္ဌဗ္ဗာရုံ)စသည်ဖြင့် သူ့ဒွါရနှင့်သူ့အာရုံအလိုက် (ပစ္စုပ္ပန်) တည့်တည့်ဖြင့် ဆက်ဆံကြသော်လည်း မနောဒွါရသည် (အာရုံအားလုံး)နှင့်

ဆက်ဆံနိုင်ပါသည်။ သို့သော် တွေးသိမှုဖြစ်စဉ်တွင် ဓမ္မာရုံဖြင့်သာ ဆက်ဆံ၍ (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်နှင့် ကာလဝိမုတ်) အာရုံ အားလုံးကိုလည်း ဓမ္မာရုံအနေဖြင့် သိခွင့်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် လက်တွေ့တွင် မနော၌ စိတ်ဖြစ်မှသာ သိရခြင်းဖြစ် သည်။ မနောဒွါရမှာ ဖြစ်သောစိတ်သည် အာရုံကိုသာ သိရလေသည်။ ထိုကြောင့် အာရုံနှင့် စိတ်သာရှိ၏။ ဤသို့ဆိုလျှင် ပြင်ပသမုတိနယ်မှာ လောကသတ်မှတ်ချက်အတိုင်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုရှိပြီး မျက်စိက မြင်၍ သိရသည်မှာ ပရမတ်နယ်မှ အာရုံသဘောကိုသာ စိတ်က သိခွင့် ရခြင်း ဖြစ်လေသည်။ သို့သော် အာရုံကို (အာရုံ)ဟု အမှန် မသိနိုင်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အထင်မှား၏။ ထိုသို့ဖြစ်ရခြင်းမှာ မနောမှာ ဖြစ်ပေါ်သောစိတ်တွင် (ဉပါဒါန်) ပါဝင်သွားသောကြောင့် ဖြစ်သည်။ စိတ်သည် ဉပါဒါန်နှင့်အတူ ယှဉ်တွဲ၍ ဖြစ်ပေါ်လာသည်။

အမှန်တကယ် သိမှုဖြစ်စဉ်တွင် မြင်စိတ်သည် အဆင်းအာရုံကို သာ သိသင့်ပါသော်လည်း ဉပါဒါန်ပါဝင်သွားသောကြောင့် (အာရုံ)ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် သိခြင်း ဖြစ်လေသည်။ ဉပမာ - ရုပ်ရှင်ပိတ်ကား၊ တီဗွီဖန်သားပြင်တို့ အပေါ်တွင် အဆင်းပုံရိပ်တို့သာ ပေါ်ပါသည်။ သို့သော် မနောမှသိစိတ်တွင် (ဉပါဒါန်) ပါဝင်သွားသောကြောင့် ၎င်းပုံရိပ်တို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အနေဖြင့် အမှန်တကယ် အစစ်ထင်ပြီး အထင်မှားခြင်း ဖြစ်လေသည်။

ပုထုဇဉ်တို့၏သိမှုဖြစ်စဉ်တွင် မနောဒွါရ၌ စိတ်နှင့်ဉပါဒါန်ဖြစ် ပေါ်၏။ ဉပါဒါန်ဟုဆိုသော်လည်း မူလတရားနှစ်ပါးဖြစ်သော (အဝိဇ္ဇာ နှင့် တဏှာ)တို့ပါဝင်၏။ ယင်းတရားနှစ်ပါးသည် အဓိကကြိုးကိုင်ဖြစ်၏။ အဝိဇ္ဇာ-အမှန်မသိမှု၊ တဏှာ-တပ်မက်မှု၊ ဉပါဒါန်-စွဲလမ်းမှုတို့၏ အစွမ်းကြောင့်

အာရုံကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် သိမြင်သွားခြင်းဖြစ်လေသည်။

| (မနောဒွါရ) | (ဓမ္မာရုံ) |
| --- | --- |
| စိတ် + ဥပါဒါန် (သမုဒယသစ္စာ) | ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) |
| ဝိပဿနာဉာဏ် (မဂ္ဂင်ငါးပါး) | အာရုံနာမ်ရုပ်(ဒုက္ခသစ္စာ) |
| မဂ်ဉာဏ် (မဂ္ဂသစ္စာ) | နိဗ္ဗာန် (နိရောဓသစ္စာ) |

တရားနှလုံးသွင်း ပွားများသောအခါ ဝိပဿနာဉာဏ်သည် မနောဒွါရမှာ ဖြစ်၏။ ထိုအခါ မနောဒွါရတွင် (တစ်ချိန်၌ နှစ်စိတ်ပြိုင်) မဖြစ်နိုင်သောကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် (သမုဒယသစ္စာ)ဖြစ်ခွင့် မရတော့ချေ။ မဂ္ဂင်တရား ပွားများသောကြောင့် ဓမ္မာရုံမှာ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်)အမြင်များ ချုပ်ပျောက်ပြီး (ပရမတ်)ရုပ်နာမ်ပေါ်၏။ ထိုရုပ်နာမ် အပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဝင်ပြီး ဒုက္ခသစ္စာထိုက်သော ရုပ်နာမ် ဆင်းရဲအမှန်ကို နိရောဓသစ္စာဆိုက်အောင် နှလုံးသွင်းပွားများ ရခြင်းဖြစ်လေသည်။

### **“ ရွှေတိဂုံစေတီတော်ကြီး နှင့် အာရုံ ”**

မြန်မာနိုင်ငံတွင် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်မြင်ဘူးကြပါသည်။ ရွှေတိဂုံစေတီတော်ကြီးသည် ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ အမြဲတည်နေပါသည်။ မိမိတို့ နှလုံးသွင်း ဆင်ခြင်လိုက်သောအခါ အာရုံ အနေဖြင့် ပေါ်ပါသည်။ နှလုံးမသွင်းလိုက်သည်နှင့် ထိုအာရုံ မရှိတော့ပါ။ မိမိတို့သိရသည်မှာ အခိုင်အမာ၊ အနှစ်သာရမရှိသော အာရုံသဘောမျှသာ ဖြစ်ပါသည်။ သို့သော် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၏အစွမ်းကြောင့် အာရုံ သဘော ( function)လို့ မသိနိုင်တော့ပဲ မိမိရောက်ခဲ့ဘူးသော တကယ့်

ရွှေတိဂုံစေတီတော်အစစ် (struture)အတိုင်း အထင်မှား ကြလေသည်။ အာရုံပြုမှုပေါ်သော ရွှေတိဂုံစေတီတော်ကို (အာရုံ)လို့မသိပဲ ဒြပ်၊ ဝတ္ထု ပြု၍ ရန်ကုန်တွင် အမြဲတည်ရှိနေသည့် စေတီတော်အဖြစ်ငင်း အခိုင် အမာ အနှစ်သာရ ရှိနေသော စေတီတော်အဖြစ်ငင်း ဥပါဒါန်ဖြင့် အထင်မှား အယူမှားခြင်း ဖြစ်လေသည်။

**" ဝင်လေ ထွက်လေ နှင့် အာရုံ "**

ထိုနည်းတူ ဝင်လေထွက်လေသည် နှာသီးဖျားမှာ အမြဲရှိပါသည်။ တရားရှုမှတ်သောအခါ ဝင်လေထွက်လေကို နှလုံးသွင်း ဆင်ခြင်လိုက် သည်နှင့် မိမိ မျက်နှာရှိ နှာခေါင်းနှင့်လေကိုသာ သိရသည်ဟု ထင်ကြ ပါသည်။ သို့သော် မိမိ အမှန်တကယ်သိရသည်မှာ ဆင်ခြင်လိုက် သည်နှင့် မနောတွင် အာရုံပေါ်လို့သာ သိရခြင်းဖြစ်သည်။ နှာခေါင်းမှာ ဝင်လေထွက်လေသည် အမြဲရှိနေသော်လည်း အာရုံအနေဖြင့် နှလုံး မသွင်း၍မသိရပါ။ နှလုံးသွင်း ဆင်ခြင်သောအခါမှ သိရသော ဝင်လေ ထွက်လေသည် အာရုံဝင်လေထွက်လေသာ ဖြစ်ပါသည်။ ဤကဲ့သို့ အာရုံ၏သဘောကို ပိုင်းခြားသိမြင်ပါက ဝိပဿနာအလုပ် အားထုတ် ရာတွင် များစွာ အထောက်အကူ ပြုပေမည်။ (တရားစတင် အားထုတ် သူတို့သည် ပဋ္ဌာရုံကို ဝိညာဏ်သိဖြင့် တိုက်ရိုက် အာရုံမပြုနိုင်ကြပါ။ ပညတ် မလွတ်သေးသော ဓမ္မာရုံမှာပင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်မှလွတ်မြောက် အောင် သတိ ဝီရိယဖြင့် နှလုံးသွင်း ဆင်ခြင်နေရသော အချိန်ဖြစ်ပါသည်။)

**" ခေတ်ကြီးလေးပါးနှင့် အာရုံ "**

လောကတွင် သဘာဝတရားတို့သည် သူ့သဘောသူဆောင်ပြီး အကြောင်းအကျိုးအားဖြင့် တည်ရှိနေခြင်း ဖြစ်သည်။ ဥပမာ - သစ်ပင်၊ တော၊ တောင်၊ မြေ၊ ရေ၊ လေ၊ မီးစသည်တို့သည် သဘာဝတို့ ဖြစ်ကြပါသည်။

ပရမတ်အနေဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော သဘာဝ ဓာတ်ကြီး လေးပါးတို့၏ အစုအပေါင်းများသာ ဖြစ်ပါသည်။

သို့သော် သိမှုဖြစ်စဉ်တွင် ထိုသဘာဝ ဓာတ်ကြီးလေးပါးတို့ကို ကိုယ် (ကာယဒွါရ)ဖြင့် တွေ့ထိနိုင်သော်လည်း တကယ်သိမှုသည် မနောမှ သိစိတ်ကသာ သိရခြင်းဖြစ်သည်။ ထိုကြောင့် မနောမှသိစိတ်သည် အမည် ပညတ်ပြုထားသော မာပျော့ (ပထဝီ)၊ ပူအေး (တေဇော)၊ ယိုစီး ဖွဲ့စည်း (အာပေါ)၊ ထောက်ကန်တွန်းတိုး (ဝါယော) စသည်တို့ကိုသာ သိနေသောကြောင့် ဓာတ်ကြီးလေးပါးကို ဓမ္မာရုံမှာ (ပညတ်)တင်ပြီး သိခွင့်ရနေခြင်းဖြစ်သည်။ သို့သော် ပရမတ်အာရုံ၏သဘောမှာ မာခြင်းသည် အခိုင်အမာ အနှစ်သာရအားဖြင့် တကယ်မာသည်မဟုတ်၊ မာသည့် အခြင်းအရာသာဖြစ်သည့် အာရုံသဘောကိုသာ သိရခြင်းဖြစ်သည်။ ပူမှုသည်လည်း အခိုင်အမာ အနှစ်သာရအားဖြင့် တကယ်ပူသည် မဟုတ်၊ ပူသည့်အခြင်းအရာ လက္ခဏာအားဖြင့် အာရုံသဘော သက်သက်ကိုသာ သိခွင့်ရခြင်း ဖြစ်လေသည်။

ဥပမာ မှန်ကြည့်သည်နှင့် တူ၏။ မှန်သည် (အပြင်)သဘာဝ တို့နှင့် တွေ့ထိ ဆက်ဆံနိုင်သော်လည်း မှန်တွင် ပုံရိပ်သာပေါ်ပါသည်။ မှန်ကိုကြည့်သောအခါ ပုံရိပ်ကိုသာသိရပါသည်။ ပုံရိပ်သည် မှန်ကြည့်သူလည်း မဟုတ်သလို မှန်သားပြင်လည်း မဟုတ်ပါ။ ထို့အတူ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှုတို့တွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်သည် ပြင်ပအာရုံတို့နှင့် တွေ့ထိဆက်ဆံရသော်လည်း မနောမှ စိတ်သည် မှန်ထဲမှ(ပုံရိပ်)ကဲ့သို့ (အာရုံသဘော)ကိုသာ သိခွင့်ရခြင်းဖြစ်လေသည်။

## " အစိုးမရသည့် အနတ္တ နှင့် အနှစ်သာရမရှိသည့် အနတ္တ "

ခါတ်ကြီးလေးသည် ဥတုကြောင့် အမြဲဖေါက်ပြန်ပြောင်းလဲနေသော သဘာဝတရားများ ဖြစ်ကြသည်။ ၎င်းသဘာဝတို့သည် မိမိအလိုအတိုင်းမဖြစ်ပါ၊ အစိုးမရပါ၊ သူ့သဘောသူဆောင်နေခြင်း ဖြစ်ပါသည်။ ထိုကြောင့် သဘာဝ၏ အနတ္တလက္ခဏာသည် အစိုးမရခြင်း၊ မိမိအလိုသို့ မလိုက်ခြင်း၊ သူ့သဘောသူဆောင်ခြင်းတို့ကို နားလည်လက်ခံကြပါသည်။

(ထိသိမှု)တို့သည် ကာယဒွါရ(ကိုယ်)မှာ အကြောင်းတိုက်ဆိုင်မှ သာဖြစ်ပေါ်သော ကာယဝိညာဏ်ဖြင့် သိရသော ဖေါဋ္ဌဗ္ဗာရုံ (အာရုံ)သာ ဖြစ်လေသည်။ အကြောင်းကင်းသည်နှင့် ထိုအာရုံကိုသိသော ဝိညာဏ် ချုပ်ပျောက်၏။ ထိုကဲ့သို့ အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်ချုပ်ပျောက်နေခြင်းသည်လည်း သူ့သဘောသူဆောင်နေခြင်း ဖြစ်ပါသည်။ သို့သော် အာရုံကို ကာယဝိညာဏ်ဖြင့်သိရသော (ဝိညာဏ်သိ) အဆင့်တွင် အခိုင်အမာ အနှစ်သာရ မရှိခြင်း (အသာရကဋ္ဌေန အနတ္တာ) သည် အလွန်ထင်ရှားသော လက္ခဏာဖြစ်ပါသည်။ တရားအားထုတ်သူတို့သည် သဘာဝခါတ်ကြီးလေးပါးတွင် အစိုးမရခြင်း၊ သူ့သဘောသူဆောင်ခြင်း လက္ခဏာများကို သိမြင်နိုင်ကြသော်လည်း မခိုင်အမာ အနှစ်သာရအားဖြင့် (ဒြပ်ပညတ်) ကျန်ရှိနေတတ်ပါသည်။

ထိုကြောင့် ဝိပဿနာတွင် အာရုံ၏ အခိုင်အမာ အနှစ်သာရ မရှိခြင်း (အသာရကဋ္ဌေန အနတ္တာ)ဆိုသော အနတ္တလက္ခဏာသဘောကို ထိုးထွင်း သိမြင်နိုင်လျှင် ဒိဋ္ဌိဖြင့် အာရုံတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် ပြင်းစွာ စွဲလမ်းမှု (ဥပါဒါန်)မှ လွတ်မြောက်နိုင်ပေမည်။

## " ဝိပဿနာ နှလုံးသွင်းပုံ "

မြင် ၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို မမြင်နိုင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထား၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အဖြစ် သိမြင်အောင်လည်း လှဲ့စားထား၏။ ၎င်းတို့ကို တဏှာက တွယ်တာ နှစ်သက်၏။ ဥပါဒါန်သည် ဖားမြွေခဲသကဲ့သို့ မလွှတ်တမ်း စွဲလမ်း၏။ ထိုအခါ ဥပါဒါန်သည် ထိုထိုအာရုံတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အဖြစ် အခိုင်အမာ အနှစ်သာရပြု၍ မြဲသည့်သဘော ဒိဋ္ဌုပါဒါန်ဖြင့် (ပြင်းစွာ) စွဲလမ်းထားခြင်း ဖြစ်သည်။ ထို့ပြင် ထိုထိုအာရုံတို့ကို တပ်မက် တွယ်တာသောသဘော ကာမုပါဒါန်ဖြင့်လည်း စွဲလမ်းထားလေသည်။

အဝိဇ္ဇာသည် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ အဖြစ် မျက်လှဲ့ဆရာကဲ့သို့ လှဲ့စားရုံသာတတ်နိုင်၏။ မျက်လှဲ့ဆရာသည် မဟုတ်သည်ကို အဟုတ်အနေဖြင့် လှဲ့စားပြနိုင်သော်လည်း ထိုလှဲ့စား မှုကို အမှန်တကယ် အစစ်ထင်မှု၊ အခိုင်အမာ အနှစ်သာရ ရှိတယ်ထင် မှုသည် ကြည့်သူ၏ ဥပါဒါန် အစွမ်းကြောင့် ဖြစ်သည်။

ဥပမာ ရုပ်ရှင်ပိတ်ကား၊ တီဗွီဖန်သားပြင်တို့အပေါ်တွင် အရောင် အဆင်း ပုံသဏ္ဍာန်တို့သာရှိသော်လည်း ပုဂ္ဂိုလ်၊ သတ္တဝါအဖြစ် စွဲယူ မှုသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့၏ လက်ချက်ဖြစ်သည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေး တို့တွင် ဝိပဿနာပညာဖြင့် ရုပ်နာမ်၊ အကြောင်းအကျိုးတို့ကို ပိုင်းခြား သိမြင်နိုင်ပါက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့ကိုပယ်နိုင်ပြီး ရုပ်နာမ်တို့အပေါ် တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ဝင်ကာ ဒုက္ခသစ္စာအဖြစ် နှလုံးသွင်း ပွားများနိုင်လေသည်။ ထိုအခါ ဝိပဿနာဉာဏ်များ ရင့်သန်ပြည့်စုံလာပါက ရုပ်နာမ် ဒုက္ခချုပ်ရာဖြစ်သော နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်းဖြစ်လေသည်။

## " ပဋိစ္စသမုပ္ပါဒ် နှင့် ဝိပဿနာ "

| (ဝိပါကဝဋ်) | (ကိလေသဝဋ်၊ ကမ္မဝဋ်) | (ဝိပဿနာမဂ်) |
|---|---|---|
| ဝိညာဏ် | အဝိဇ္ဇာ | သမ္မာဒိဋ္ဌိ |
| နာမ်ရုပ် | တဏှာ | သမ္မာသင်္ကပ္ပ |
| သဠာယတန | ဥပါဒါန် | သမ္မာဝါယာမ |
| ဖဿ | သင်္ခါရ | သမ္မာသတိ |
| ဝေဒနာ | ကံ | သမ္မာသမာဓိ |
| (အကျိုးတရားငါးပါး) | (အကြောင်းတရားငါးပါး) | (မဂ္ဂင်ငါးပါး) |
| ဒုက္ခသစ္စာ | သမုဒယသစ္စာ | မဂ္ဂသစ္စာ |

မြင်ဆဲ၊ ကြားဆဲ၊ နံ့ဆဲ၊ စားဆဲ၊ ထိဆဲ၊ တွေးဆဲတို့၌ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့သည် ဆက်တိုက်ဖြစ်ပေါ်နေကြသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့မှာ ဖြစ်ပေါ်ခိုက် စိတ်တို့သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိဆိုသော (အာရုံ)တို့ကို သိရုံမျှသဘောသာဖြစ်၍ မနောမှ သိစိတ်တို့က ဆင်ခြင်သောကြောင့် အမည် ပုံသဏ္ဌာန်နှင့်တကွ ပညတ်ပြုပြီး သိရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မျက်စိကမြင်၍ မနောက သိခြင်းဖြစ်သည်။ ဥပမာ စာဖတ်ခြင်းတွင် စာကို မျက်စိတွင်ဖြစ်သော မြင်စိတ်ကမြင်သော်လည်း မနောမှသိစိတ်က စာကိုဖတ်ခြင်း၊ သိခြင်း ဖြစ်သည်။ ကြားမှုတွင်လည်း နားတွင်ဖြစ်သော ကြားစိတ်သည် အသံကို ကြားရုံမျှသဘောသာဖြစ်၍ မနောမှသိစိတ်ကသာ ဆင်ခြင်ပြီး လူသံ၊ ခွေးသံ၊ ငှက်သံစသည်ဖြင့် ခွဲခြားသိခြင်းဖြစ်ပါသည်။

ထိုသဘောကို ပိုင်းခြားသိအောင် (dog) ဒေါ့လို့ ကြားပါက နားတွင် အသံကိုကြားသည့် စိတ်သာဖြစ်ပါသည်။ မနောမှ သိစိတ်ကသာ ခွေးလို့

အမည် ပုံသဏ္ဍာန်နှင့် ဆင်ခြင်ပြီးသိခြင်း ဖြစ်ပါသည်။ ထိုကြောင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် တို့တွင် အာရုံနှင့်ထိခိုက်ပါက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့သည် သူ့သဘောသူဆောင်ပြီး ဝိပါကဝဋ် ဖြစ်ပေါ်ကြ၏။ သို့သော် မနောတွင် ဖြစ်သော သိစိတ်သည် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဟု အမှန်မသိပဲ ပုံသဏ္ဍာန်အလိုက် အမည်နှင့်တကွ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အသိမှားခြင်း (အဝိဇ္ဇာ)ကြောင့် ပရမတ်ပျောက်၍ ပညတ်ပေါ်ကာ ကြိုက်ခြင်း မကြိုက်ခြင်းစသော တဏှာ၊ ဥပါဒါန်၊ ကံတို့ ဖြစ်ရလေသည်။ ထိုအခါ ကိလေသဝဋ်၊ ကမ္မဝဋ်တို့ဖြစ်ပေါ်ပြီး အနည်းဆုံး မနောဖြင့် ကုသိုလ် အကုသိုလ် (ကံ)မြောက်ကာ ပဋိစ္စသမုပ္ပါဒ် လည်လေသည်။

လက်တွေ့တွင် ဥပါဒါန်ကြောင့် ဖြစ်သော(ကံ)တို့ကို သတိထား ကြည့်ရပေမည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့၌ စွဲလမ်းခြင်း ဥပါဒါန် ကပ်မှု (ကိလေသဝဋ်)ဖြစ်ပါက ကာယ၊ ဝစီ၊ မနောသင်္ခါရတို့ဖြင့် မိမိအလိုအတိုင်းဖြစ်အောင် အားထုတ်မှုကြောင့် ကုသိုလ်ကံ အကုသိုလ် ကံများ ဖြစ်ပေါ်နေသည်ကို မြင်အောင် ကြည့်သင့်ပေသည်။ မျက်စိဖြင့် မြင်တိုင်း ဥပါဒါန် မကပ်ပါ။ မြင်မှုအပေါ်တွင် နှစ်သက် စွဲလမ်းမှုရှိပါမှ ဥပါဒါန်ကပ်ခြင်းဖြစ်သည်။ ဥပါဒါန်ကပ်သည်ကို သတိပြုမိပါကလည်း သိသောအချိန်တွင် ထိုဥပါဒါန် (ကိလေသဝဋ်) ချုပ်၏။ ထိုအခါ (ကိလေ သဝဋ်)ချုပ်သောကြောင့် ကမ္မဝဋ်ချုပ်ကာ ပဋိစ္စသမုပ္ပါဒ်ရပ်လေသည်။

ထို့ပြင် ဥပါဒါန်ကိုမြင်အောင် ကြည့်နိုင်လျှင် ဥပါဒါန်ကပ်မှန်း သတိပြုလိုက်သည်နှင့် ဥပါဒါန်ဖြစ်ပျက် သတိကမဂ်ဖြစ်၍ ဥပါဒါန်ကို တဒင်္ဂပယ်နိုင်လေသည်။ ထိုအခါ ဥပါဒါန်ချုပ်ခြင်းကြောင့် ကံချုပ်ပြီး ထိုကံ၏အကျိုးဖြစ်သော ဝိပါကဝဋ်တို့လည်း ချုပ်လေသည်။

ဥပမာ-အစား အသောက်မှာလျှင် ကိုယ်ကြိုက်ရာ၊ ကိုယ်ဥပါဒါန် ကပ်ရာကိုသာ အများအားဖြင့် မှာစားကြသဖြင့် ဥပါဒါန်ကြောင့် ဝစီကံ မြောက်နေ၏။ သတိပဋ္ဌာန်ရှိပါက ရသာရုံပေါ်တွင် ကပ်နေသောဥပါဒါန်ကို ဉာဏ်ဖြင့် မြင်နိုင်ပေမည်။ ထို့အတူ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှု စသည်တို့တွင်လည်း မိမိ ဥပါဒါန်ကပ်ရာကိုသာ ကြိုက်စွဲ၊ မကြိုက် စွဲဖြင့် ပြောကြ၊ လုပ်ကြ၊ ကြံစီကြခြင်းဖြစ်ပါသည်။ ရုပ်ရှင်ကြိုက်သူက ရုပ်ရှင်အကြောင်း၊ ဘောလုံးပွဲကြိုက်သူက ဘောလုံးပွဲအကြောင်း ကိုယ် ဥပါဒါန်ကပ်ရာကိုသာ ပြောကြ ဆိုကြ လုပ်ကြခြင်းဖြစ်ပါသည်။

ဝိပဿနာရှုရာတွင် ဥပါဒါန်သည် သမုဒယသစ္စာထိုက်၍ ဥပါဒါန် ကိုသိသောဉာဏ်သည် မဂ္ဂသစ္စာထိုက်ပါသည်။ မဂ္ဂင်ဝင်လိုက်လျှင် သမုဒယချုပ်ပါသည်။ မနောတွင် တစ်ချိန်၌ နှစ်စိတ်ပြိုင် မဖြစ်နိုင်ပေ။ ထို့ကြောင့် မနောတွင် ဝိပဿနာမဂ်ဝင်လိုက်ပါက သမုဒယဥပါဒါန် တဒင်္ဂချုပ်၏။ သမုဒယဖြစ်ပျက် သိသည်က မဂ်ဖြစ်၏။ အရှုဉာဏ်သည် မဂ္ဂသစ္စာဖြစ်၍ အရှုခံသည် သမုဒယသစ္စာ ဖြစ်လေသည်။

## " အရှုခံ နှင့် အရှုဉာဏ် "

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့တွင် အာရုံနှင့် အကြောင်း တိုက်ဆိုင် တိုင်း မြင်စိတ်၊ ကြားစိတ် စသည်တို့သည် ဖြစ်ပေါ်နေ၏။ ဥပမာ - မျက်စိ နှင့်အဆင်း တိုက်ဆိုင်မှုဖြစ်တိုင်း မြင်စိတ်သည် အကြောင်းအကျိုးအားဖြင့် သူ့သဘောသူဆောင်ပြီး ဖြစ်ပေါ်နေ၏။ ယင်းမြင်စိတ်သည် မျက်စိမှာ ဖြစ်ပေါ်၏။ ဖြစ်ပေါ်ပြီးသည်နှင့် ချက်ခြင်း ချုပ်ပျောက်၏။ သို့သော် မနော တွင် ထိုအာရုံကို ဆင်ခြင်သောသိစိတ် ဖြစ်ပေါ်၏။ ထို့ကြောင့် မျက်စိမှ မြင်သော်လည်း မနောမှ သိစိတ်ဖြင့် ဆင်ခြင်ပြီး သိရခြင်းဖြစ်လေသည်။

ဤသို့ မျက်စိမှမြင်၍ မနောမှသိခြင်းတို့၏ဖြစ်စဉ်သဘာဝကို

နားလည်သဘောပေါက်မှသာ မြင်-မြင်တယ်မှတ်၊ ကြား-ကြားတယ်မှတ်၊ နံ-နံတယ်မှတ်၊ စား-စားတယ်မှတ်၊ ထိ-ထိတယ်မှတ်၊ တွေး-တွေးတယ်မှတ် စသည်တို့တွင် ဒွါရအလိုက် ဝိပဿနာရှုခြင်းကို နားလည်နိုင်ပေမည်။

ထိုအခါ မြင်-မြင်တယ်မှတ်သည် မျက်စိတွင် ဖြစ်ပေါ်သော ရုပ်နာမ် (အရှုခံ)ကို မနောမှ မဂ္ဂင် (အရှုဉာဏ်)ဖြင့် မြင်တယ်လို့ ရှုမှတ်ခြင်း ဖြစ်သည်။ ကြား-ကြားတယ်မှတ်၊ နံ-နံတယ်မှတ်၊ စား-စားတယ်မှတ်၊ ထိ-ထိတယ်မှတ်၊ တွေး-တွေးတယ်မှတ် စသည်တို့သည်လည်း အာရုံနှင့် ဒွါရ အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ပရမတ်ရုပ်နာမ်တို့ကို သာ မနောမှ သတိ၊ ဝီရိယဖြင့် မဂ္ဂင်အသိလိုက်ပြီး ဝိပဿနာ ရှုခြင်း ဖြစ်သည်ကို နားလည် သိမြင်ခွင့်ရပေမည်။

### “ အကျိုးတရား (သို့မဟုတ်) ဝိပါကဝဋ် ”

ဝိပါကဝဋ်သည် အာရုံနှင့် ဒွါရ အကြောင်းတိုက်ဆိုင်တိုင်း သူ့သဘော သူဆောင်ပြီး ဖြစ်ပေါ်နေသော အကျိုးတရားဖြစ်သည်။ ဝိပါကဝဋ်သည် အတိတ်က အကြောင်း (ကံဟောင်း)ကြောင့် ဖြစ်ပေါ်နေသောတရား ဖြစ်သည်။ ဝိပါက်ခန္ဓာဟုလည်းခေါ်၏။ အကြောင်းတရားနှင့် အကျိုး တရားတွင် အကြောင်းတရားသည် မိမိနှင့်သက်ဆိုင်သော်လည်း အကျိုး တရားသည် မိမိအလိုနှင့် သက်ဆိုင်ခြင်းမရှိပါ၊ အကျိုးတရားသည် အကြောင်းအားလျော်စွာသာ ဖြစ်ပေါ်ရပါသည်။ အကြောင်းတရားတို့ ပြည့်စုံ ညီညွတ်မှုကြောင့်သာ အကျိုးတရားတို့သည် သူ့သဘောသူဆောင်ပြီး မရှိရာမှ (အသစ်)ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဖြစ်ပေါ်နေကြသော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ တွေးစိတ်တို့သည် အကျိုးတရားများသာဖြစ်ကြသော ကြောင့် မိမိတို့အလိုနှင့် လုံးဝမသက်ဆိုင်ပါ။ အတိတ်ဘဝမှ (ကံဟောင်း)၏

အကျိုးတရားများသာ ဖြစ်ကြပါသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော အကျိုးတရား ခန္ဓာ (၅)ပါးတို့သာ ဖြစ်ကြပါသည်။ ထို့ကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ တွေးစိတ်တို့သည် အတိတ်ဘဝမှ ကံဟောင်း၏ အကျိုးတရားများသာ ဖြစ်ကြသဖြင့် မိမိအလိုဖြင့် မသက်ဆိုင်ပဲ အကြောင်းတိုက်ဆိုင်တိုင်း သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ် နေကြသော အရှုခံ အနတ္တတရားများသာ ဖြစ်ကြလေသည်။

**" အကြောင်းတရား (သို့မဟုတ်) ကိလေသဝဋ်နှင့် ကမ္မဝဋ် "**

ပစ္စုပ္ပန်အကြောင်းတရားတို့သည် ပဋိစ္စသမုပ္ပါဒ်တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံတို့ ဖြစ်ကြသည်။ ထိုအကြောင်းတရား တို့နှင့်သာ မိမိသည် သက်ဆိုင်၏။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ တွေးစိတ်တို့သည် ဖြစ်ပေါ်ချုပ်ပျောက်ကြသော်လည်း မိမိသိခွင့် ရသောအာရုံကို ပုဂ္ဂိုလ်၊ သတ္တဝါ ဟု အသိမှားခြင်း (အဝိဇ္ဇာ)၊ ထိုထို အာရုံအပေါ်တွင် တွယ်တာ နှစ်သက်ခြင်း (တဏှာ)၊ ထိုထိုအာရုံကို ငါ၊ ငါ့ဥစ္စာအဖြစ် စွဲလမ်းခြင်း (ဥပါဒါန်)တို့ ဖြစ်ပေါ်ကြပြီး ထိုစွဲလမ်းမှုအလို အတိုင်း ကာယ၊ ဝစီ၊ မနော သင်္ခါရတို့ဖြင့် အားထုတ်ကာ ကုသိုလ်ကံ၊ အကုသိုလ်ကံများ ဖြစ်ပေါ်ကြ၏။

ထိုအကြောင်းကံသည်သာ မိမိအလိုနှင့် သက်ဆိုင်လေသည်။ မိမိအားထုတ်လိုက်သော ကံအစွမ်းကြောင့် ဆိုင်ရာအကျိုးတရားတို့သည် ဖြစ်ပေါ်ကြကုန်၏။ အကြောင်းတရား (ကံ)မဖြစ်ပါက အကျိုးတရား သည်လည်း မဖြစ်ပေါ်ချေ။ ထို့ကြောင့် ဘုရားရှင်၏ဝါဒသည် အကြောင်း တရားအပေါ်တွင် အားထုတ်ရသော အကြောင်းသတ်ဝါဒ ဖြစ်သည်။ အကြောင်းတရားကို ပယ်သတ်ခြင်းဖြင့် အကျိုးတရားတို့ ချုပ်ငြိမ်းခြင်းကို

(ပဋိလောမ) ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်တွင် ဟောကြားတော်မူခဲ့ပါသည်။ ဤသို့ အကြောင်း (သမုဒယ) ချုပ်ခြင်းကြောင့် အကျိုး(ဒုက္ခ) ချုပ်ငြိမ်း ခြင်းသဘောသည်ပင် နိရောဓသစ္စာ (နိဗ္ဗာန်)ဟု ခေါ်ဆိုခြင်းဖြစ်လေသည်။

**" သမုဒယသစ္စာနှင့် မဂ္ဂသစ္စာ "**

| အကျိုးတရား | အကြောင်းတရား | မဂ္ဂင်ငါးပါး |
|---|---|---|
| ဝိညာဏ် | အဝိဇ္ဇာ | သမ္မာဒိဋ္ဌိ |
| နာမ်ရုပ် | တဏှာ | သမ္မာသင်္ကပ္ပ |
| သဠာယတန | ဥပါဒါန် | သမ္မာဝါယာမ |
| ဖဿ | သင်္ခါရ | သမ္မာသတိ |
| ဝေဒနာ | ကံ | သမ္မာသမာဓိ |
| (ဒုက္ခသစ္စာ) | (သမုဒယသစ္စာ) | (မဂ္ဂသစ္စာ) |

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံသည် အကြောင်းတရား ဖြစ်၍ သမုဒယသစ္စာထိုက်ပါသည်။ မဂ္ဂင်ငါးပါးသည် ဝိပဿနာဉာဏ် ဖြစ်၍ မဂ္ဂသစ္စာထိုက်ပါသည်။ သမုဒယသစ္စာကို ရှုပွားခြင်းသည်လည်း ဝိပဿနာ ဖြစ်ပါသည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အာရုံနှင့် အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး အကျိုးတရားတို့သည် အစဉ်ဖြစ်ပေါ်နေပါသည်။ သို့သော် တရား(စတင်) အားထုတ်သူတို့သည် ယင်းရုပ်နာမ်တို့ကို မရှုပွားနိုင်ကြပါ။ ထိုအခါ ဖြစ်ပေါ် နေသောမြင်မှု ကြားမှုတို့အပေါ်တွင် ဥပါဒါန်ကပ် မကပ်ကို အရင် ရှုပွားရပါသည်။ နေ့စဉ်ဘဝတွင် သမုဒယသစ္စာ ထိုက်သည့် ဥပါဒါန်ကို ဦးစွာ ရှုပွားခြင်းသည် ပို၍အဆင်ပြေသည်ကို တွေ့ရပါသည်။ စိတ်သည် တစ်ချိန်တွင် နှစ်စိတ်ပြိုင် မဖြစ်သောကြောင့် (အရှုခံ) ဥပါဒါန်

ဖြစ်နေပါကလည်း (အရှုဉာဏ်)မဖြစ်ပေ။ ဥပါဒါန်ကိုသိသော အရှုဉာဏ် ဖြစ်ပါကလည်း ထိုဥပါဒါန် ချုပ်ပျောက်ပြီးဖြစ်သည်။ ထိုအခါ ဥပါဒါန် ဖြစ်ပျက် သိသောအရှုဉာဏ်က မဂ်ဖြစ်၏။ ဥပါဒါန်မကပ်ပါကလည်း အကျိုးတရားရုပ်နာမ်သည် အရှုခံတရားဖြစ်၍ အရှုဉာဏ်ဖြင့် ရုပ်နာမ် ဒုက္ခသစ္စာကို ဝိပဿနာ ရှုပွားနိုင်လေသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် အရှုခံ (ဒုက္ခသစ္စာ) တရားများသာ ဖြစ်ကြပါသည်။ အများအားဖြင့် ဒုက္ခသစ္စာကို အရင် မမြင်နိုင်ချေ။ လောကသဘာဝမှာ (ဒုက္ခ)ကို (သမုဒယ)ဖုံး၏။ ထိုကြောင့် သမုဒယ ဥပါဒါန်ပါဝင်သော (အကြောင်းတရား)ကို သိမြင် အောင် သိမ်းဆည်းသင့်၏။ သမုဒယသစ္စာကို အရင်ရှုပွားခြင်းဖြင့် မဂ္ဂင် တရားများ အားကောင်းလာသလို သမုဒယများလည်း နည်းပါးလာ၏။ ထိုအခါ ဥပါဒါန်(တဏှာ)သမုဒယသစ္စာကိုပယ်၍ ရုပ်နာမ်ကို ဒုက္ခသစ္စာ ဆိုက်အောင် လက္ခဏာတင်ပြီး ရှုပွားအားထုတ်နိုင်ပေမည်။

ထိုကြောင့် ဝိပဿနာစတင် အားထုတ်သူတို့သည် သမုဒယသစ္စာ အဖုံးကိုဖွင့်နိုင်မှလည်း ဒုက္ခသစ္စာကို တွေ့နိုင်ပါသည်။ ထိုအခါ ဒုက္ခသစ္စာ (ရုပ်နာမ်) ပရမတ်ကို ဆုံးအောင် ချုပ်အောင် ပွားများ အားထုတ်ရ၏။ ရုပ်နာမ်ချုပ်ရာသည် နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှသာ သမုဒယကို အပြီးပယ်နိုင်လေသည်။ သမုစ္ဆေဒပဟာန်ဟုခေါ်သည်။ ဝိပဿနာ လမ်းဆုံး ဖြစ်လေသည်။

### " ကိုယ်သာနာ၍ စိတ်မနာစေနှင့် "

ဘုရားရှင်သည် ကိုယ်သာနာ၍စိတ်မနာစေနှင့်ဟု ခန္ဓသံယုတ် နကုလပိတုသုတ်၌ ဟောကြားတော်မူပါသည်။ ယင်း၏အဓိပ္ပါယ်ကို

အရှင်သာရိပုတြာမထေရ်သည် ဤသို့ဟောတော်မူ၏။ ခန္ဓာငါးပါးဖြစ်သည့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အပေါ်၌ အတ္တဟူ၍ယူလျှင် ကိုယ်နာခြင်းအပြင် စိတ်နာခြင်းပါ ဖြစ်ပါသည်။

ခန္ဓာငါးပါးအပေါ်တွင် ငါဟူ၍ဝှင်း၊ ငါ့ဥစ္စာဟူရင်း အတ္တအားဖြင့် မရှုပါက ကိုယ်နာသူဖြစ်သော်လည်း သတိဖြင့် မဂ္ဂင်အသိ လိုက်နိုင် သောကြောင့် စိတ်နာသူ မဖြစ်တော့ချေ။ ကိုယ်နာခြင်းအပေါ်တွင် သမုဒယဥပါဒါန် ဖြစ်သောကြောင့် စိတ်နာခြင်းဒုက္ခပါ ဖြစ်ရလေသည်။ ထို့ကြောင့် ကိုယ်နာခြင်း ဒုက္ခဝေဒနာ အပေါ်တွင် သတိဖြင့် မဂ္ဂင်အသိ လိုက်ပြီး သမုဒယကိုပယ်နိုင်ပါက ဘုရားရှင် ဟောကြားတော်မူသကဲ့သို့ ကိုယ်သာနာ၍ စိတ်မနာတော့ချေ။

**“ ကံပို့ရာရောက်ရတယ် ”**

| (အကျိုးတရား) | (အကြောင်းတရား) | (ဝိပဿနာမဂ်) |
|---|---|---|
| ဝိညာဏ် | | သမ္မာဒိဋ္ဌိ |
| နာမ်ရုပ် | တဏှာ | သမ္မာသင်္ကပ္ပ |
| သဠာယတန | ဥပါဒါန် | သမ္မာဝါယာမ |
| ဖဿ | ကံ | သမ္မာသတိ |
| ဝေဒနာ | | သမ္မာသမာဓိ |
| (ဒုက္ခသစ္စာ) | (သမုဒယသစ္စာ) | (မဂ္ဂင်ငါးပါး) |

နိရောဓသစ္စာသည် ခန္ဓာချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်တွင် အကြောင်းတရားရော အကျိုးတရားပါ ချုပ်ငြိမ်း၏။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုသော ဝဋ်ဆင်းရဲတို့ လုံးဝမရှိချေ။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို

မျက်မှောက်ပြုခြင်းသည် တဏှာအပြီးချုပ်သော (ကိလေသပရိနိဗ္ဗာန်)ဖြစ်၍ စုတိချိန်တွင် နောက်ခန္ဓာတစ်ဖန်မဖြစ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းသည် (ခန္ဓပရိနိဗ္ဗာန်)ဖြစ်လေသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဖြစ်ပေါ်နေသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါး (အကျိုးတရား)ကို ဝိပဿနာမဂ်စိတ်ဖြင့် ရှုပွါးနိုင်ပါက တဏှာ၊ ဥပါဒါန်၊ ကံ (အကြောင်းတရား) ချုပ်၏။ ဓမ္မစကြာတရားတော်တွင် နိရောဓသစ္စာသည် တဏှာချုပ်ရာဖြစ်သည်။ ထို့ကြောင့် ဝိပဿနာ မဂ်ဖြင့် ရုပ်နာမ် (ဒုက္ခသစ္စာ တရား)တို့ကို ရှုပွါးနိုင်ပါက တဏှာချုပ်သော ကြောင့် တဒင်္ဂနိရောဓ ဆိုက်၏။ ထိုသို့ နှလုံးသွင်းနိုင်ပါလျှင် ဝိပဿနာ ဉာဏ်ဖြင့် လောကီနိရောဓသစ္စာကို သိမြင်နိုင်ပေသည်။

ထို့ပြင် စိတ်သည် တစ်ကြိမ်တွင် နှစ်စိတ်ပြိုင် မဖြစ်သောကြောင့် မဂ်စိတ် ဖြစ်ပေါ်ခိုက်မှာ (အကျိုးတရား)နှင့် (အကြောင်းတရား)တို့ ချုပ် လေသည်။ ၎င်းမဂ်ကုသိုလ်သည် ဝဋ်မှရုန်းထွက်နိုင်သော နိဗ္ဗာန်ရောက် ကြောင်း (ဝိဝဋ္ဋနိဿိတ) ဝဋ်မှရုန်းထွက်နိုင်သော ကုသိုလ်ဖြစ်လေသည်။

ဥပမာ ရဟန်းတစ်ပါးကို မြင်၍ကြည်ညို သဒ္ဓါစိတ်ဖြစ်ပြီး လှူဒါန်း ပါက (ဝဋ္ဋနိဿိတ) ဝဋ်ကုသိုလ်ကံ မြောက်လေသည်။ ထိုကုသိုလ် ကံသည် အကြောင်းတရားတို့ ညီညွတ်ပြည့်စုံပါက နတ်ရွာသုဂတိ ရောက်ကြောင်း ဖြစ်လေသည်။ သို့သော် အနိဋ္ဌာရုံကို မြင်၍ ဒေါသစိတ် ဖြစ်ပြီး ဆဲဆိုမိပါက အကုသိုလ်ကံမြောက်ပြီး အပါယ်ဒုဂ္ဂတိသို့ ပို့နိုင်၏။ ထို့ကြောင့် နိဗ္ဗာန်ကို (ဝိဝဋ္ဋနိဿိတ ကုသိုလ်ကံ)က ပို့၏၊ နတ်ပြည်ကို (ဝဋ္ဋနိဿိတ ကုသိုလ်ကံ)က ပို့၏။ အပါယ်ကို (အကုသိုလ်ကံ)ကသာ ပို့ခြင်း ဖြစ်လေသည်။ (အပါယ်လေးဘုံကို ဒိဋ္ဌိကပို့ခြင်း မဟုတ်ပါ။)

ဝိပါကဝဋ်ဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် အကျိုးတရား ဖြစ်၍ အာရုံနှင့် အကြောင်းတိုက်ဆိုင်ပါက သူ့သဘောသူဆောင်၍ အသစ် အသစ်ဖြစ်ပေါ်သော ဓမ္မသဘာဝဖြစ်သည်။ ထို့ကြောင့် အကျိုးတရား သည် မိမိအလိုနှင့်မသက်ဆိုင်ပဲ အကြောင်းတရားသည်သာ မိမိ၏ နှလုံးသွင်းမှုဖြင့် အဓိက သက်ဆိုင်ခြင်း ဖြစ်လေသည်။ နှလုံးသွင်းမှန် လျှင်လည်း နှလုံးသွင်း မှန်သည့်အတိုင်း၊ နှလုံးသွင်းမှားလျှင်လည်း နှလုံးသွင်းမှားသည့်အတိုင်း အကြောင်းတရားအားလျော်စွာ အကျိုး တရားတို့သည် ဖြစ်ပေါ်ကြခြင်း ဖြစ်ပါသည်။

ဤသို့ဆိုလျှင် အကျိုးတရား နာမ်ရုပ်တို့အပေါ်တွင် နှလုံးသွင်း မှန်မှန်ဖြင့် မဂ္ဂင်တရားပွားများပါက ဝိပဿနာဉာဏ်များ ရင့်သန်ပြည့်စုံ လာသောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ကြပေမည်။

## " လွတ်မြောက်မှု (သို့မဟုတ်) ဝိမုတ္တိရသ "

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်နေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့ ဖြစ်ကြပါသည်။ သို့သော် ရုပ်နာမ်၏အနိစ္စ၊ ဒုက္ခ၊ အနတ္တ အပြစ်ကို မမြင်သော အဝိဇ္ဇာကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမအနေဖြင့် ပြင်းစွာစွဲလမ်းနေသော ဉပါဒါန်သည် ၎င်း၏ အာရုံဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို နိစ္စ၊ သုခ၊ အတ္တအားဖြင့် သိမြင်သောကြောင့် ငါ၊ ငါ့ဉစ္စာအဖြစ် စွဲယူသိမ်းပိုက်ပြီး လောက (ခေါ်) ဘဝသည် ဖြစ်ပေါ်ရလေသည်။

ထို့ကြောင့် မိမိတို့သည် စွဲလမ်းမှု ဉပါဒါန်ရှိနေသ၍ လောကမှ

မလွတ်မြောက်နိုင်ပေ။ ဥပါဒါန်၏အာရုံသည် (လောက)ဖြစ်သော ကြောင့် လောကကို ဥပါဒါနက္ခန္ဓာဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထိုကြောင့် ဥပါဒါန်ရှိမှသာ လောက (ဘဝ)ဖြစ်ပေါ်၍ ဥပါဒါန်မရှိပါက လောက (ဘဝ)ချုပ်သောကြောင့် ဥပါဒါနပစ္စယာဘဝေါနှင့် ဥပါဒါနနိရောဓာ ဘဝနိရောဓောဟူ၍ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်ဟု ဘုရားရှင်သည် အနုလုံ၊ ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။

ဝိပဿနာရှုပွားသောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောကြောင့် တဏှာ၊ ဥပါဒါန်ချုပ်ပြီး လောက ခေါ် (ဘဝ)မဖြစ်ပေါ်တော့ပဲ လောကမှ လွတ်မြောက်သွားခြင်းဖြစ်သည်။ ထိုသို့ လောကမှ လွတ်မြောက်မှုသည်ပင် ဝိမုတ္တိရသဖြစ်သည်။ ကိလေသာချုပ်ခြင်း၊ ခန္ဓာချုပ်ခြင်းသည် ဘာမှမရှိသော အဘာဝသဘော မျိုးမဟုတ်ပါ။ ကိလေသာမှ လွတ်မြောက်မှု၊ ခန္ဓာမှ လွတ်မြောက်မှု သဘောသည် အစစ်အမှန်ရှိ၏။ ယင်းကို လောကုတ္တရာ နိဗ္ဗာန်ဟုခေါ် ဆိုခြင်းဖြစ်လေသည်။

## “ လမ်းစဉ် နှင့် ပန်းတိုင် ”




ဝိပဿနာပန်းတိုင်သည် နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သစ္စာ (၄)ပါး သိမြင်ရခြင်းဖြစ်ပါသည်။ သစ္စာ (၄)ပါးတွင်လည်း အဓိကသည် နိရောဓသစ္စာ (နိဗ္ဗာန်) ဖြစ်သည်။ နိရောဓသစ္စာကို ဓမ္မစကြာတွင် တဏှာချုပ်ရာဟု ဘုရားရှင် ဟောကြားတော်မူသည်။ တဏှာသည် ကိလေသဝဋ်တွင်ပါရှိသည်။ တဏှာ၊ ဥပါဒါန်ဖြစ်သော ကိလေသဝဋ်သည် ပဋိစ္စသမုပ္ပါဒ်တွင်ပါဝင်၏။ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ရန် အကြောင်းအကျိုးကို အနတ္တညာဏ်ဖြင့် သိမြင်ရမည်။ အနတ္တညာဏ်ရရန် ပစ္စယပရိဂ္ဂဟညာဏ်ကို အားထုတ်ရပေသည်။

ဤသို့ဆိုလျှင် နာမရူပပရိစ္ဆေဒဉာဏ်သည် နာမ်ရုပ်ကို ပိုင်းခြား သိခြင်းဖြစ်၍ ၎င်းနာမ်ရုပ် အပေါ်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ဝင်ကာ ဒုက္ခသစ္စာကို (ပိုင်းခြားသိမြင်)အောင် အားထုတ်ရခြင်းသည် (လမ်းစဉ်)အပိုင်း ဖြစ်ပါသည်။ ထိုကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဖြစ်သော သမုဒယသစ္စာ ချုပ်ခြင်းသည်သာ နိရောဓသစ္စာ ပန်းတိုင် ဖြစ်ပါသည်။

ယခုအခါ လမ်းစဉ်ကိုအားထားနေသော သဘောမျိုးဖြစ်နေကြ၍ ပန်းတိုင်ပျောက်နေသကဲ့သို့ ပစ္စယပရိဂ္ဂဟဉာဏ်ကို အခြေခံသော အနတ္တအမြင်ဖြင့် (အနုလောမ) ပဋိစ္စသမုပ္ပါဒ်လည်ခြင်း (သမုဒယသစ္စာ) ကိုရင်း၊ (ပဋိလောမ) ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်း (နိရောဓသစ္စာ)ကိုရင်း သိမြင်နိုင်သော ပန်းတိုင်အမြင်မှ နှလုံးသွင်းမှု အားနည်းနေကြပါသည်။ အကြောင်းအကျိုးဖြင့် ဆင်ခြင်နှလုံးသွင်းမှု (သတိသမ္ပဇဉ်)ကိုပင် ဝိပဿနာအလုပ်ဟု သဘောပေါက်သိမြင်ရန် အားနည်းနေကြပါသည်။

ထို့ကြောင့် နာမရူပပရိစ္ဆေဒဉာဏ်ကို အခြေခံသော ဒုက္ခသစ္စာဖြစ်သည့် ရုပ်နာမ် (အကျိုးတရား)အပေါ်ကိုသာ အားထုတ်နေကြပါသည်။ ထိုအခါ ရုပ်နာမ်ကို အတ္တပြုတ်နိုင်လောက်သော အနတ္တဖြင့် မမြင်နိုင်သောကြောင့် အားနည်းသော ဝိပဿနာသာ ဖြစ်နေပါသည်။ ထိုကြောင့် လမ်းစဉ်နှင့် ပန်းတိုင်ကိုယှဉ်တွဲ၍ သိမြင်အောင် အားထုတ်နိုင်ပါမှ ရည်မှန်းရာသစ္စာ (၄) ပါးကို မျက်မှောက်ပြု၍ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပေမည်။

ဝိပဿနာအရာတွင် အကျိုးတရားသည် ဒုက္ခသစ္စာထိုက်သည့် နာမ်ရုပ်ဖြစ်၍ နာမရူပပရိစ္ဆေဒအပိုင်း ဖြစ်သည်။ အကြောင်းတရားသည် သမုဒယသစ္စာထိုက်သည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဖြစ်၍ ပစ္စယပရိဂ္ဂဟ အပိုင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်လည်ခြင်း အဝိဇ္ဇာပစ္စယာ သင်္ခါရာသည် အဝိဇ္ဇာ (အကြောင်း)ဖြစ်၍ သင်္ခါရ (အကျိုး)ဖြစ်သောကြောင့် သံသရာ

လည်ခြင်းဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်း အဝိဇ္ဇာနိရောဓါ သင်္ခါရ နိရောဓေါသည်လည်း အဝိဇ္ဇာ (အကြောင်း)ချုပ်၍ သင်္ခါရ (အကျိုး)ချုပ်သောကြောင့် သံသရာရပ်ခြင်း ဖြစ်ပါသည်။

ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်လည်ခြင်းကိုသိမှသာ (သမုဒယသစ္စာ)ကိုင်း၊ ပဋိစ္စသမုပ္ပါဒ်ရပ်ခြင်းကိုသိမှသာ (နိရောဓသစ္စာ)ကိုင်း သိမြင်နိုင်ပေမည်။ အများအားဖြင့် သိနေကြသော (ရုပ်နာမ်ဖြစ်ပျက် သိစိတ်မင်္ဂသည်) သမုဒယသစ္စာကို သမုစ္ဆေဒပဟာန်ဖြင့် အပြီးပယ်ရန် ကိလေသာကြားမခိုပဲ အားထုတ်နေသည့် အဆင့်ဖြစ်နေပါသည်။

ပစ္စယပရိဂ္ဂဟအပိုင်းကို ဦးစွာမရှုနိုင်သေးပဲ အဆင့်ကျော်ပြီး ရှုနေသည့်အတွက် ဝိပဿနာ ရေအယဉ်မှာ မျောပါနေခြင်း ဖြစ်သည်။ ထိုကြောင့် ဘုရားရှင်ဟောကြားတော်မူသော (ရပ်လည်း)မနေဘဲ၊ (အားလည်း) မထုတ်ဘဲဆိုသည်မှာ ရုပ်နာမ် ဒုက္ခသစ္စာ အသိကိုလည်း ရပ်မနေခြင်း၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သမုဒယသစ္စာဖြင့်လည်း အားမထုတ်ခြင်း ဖြစ်သည်။ ဤသို့ ဒုက္ခသစ္စာဖြစ်သော ခန္ဓာငါးပါးနှင့် သမုဒယသစ္စာဖြစ်သော တဏှာ-ဥပါဒါန်တို့ကို မဂ္ဂသစ္စာဖြင့် (ဝေဖန်ပိုင်းခြား) သိမြင်အောင် ဦးစွာစတင်၍နှလုံးသွင်း အားထုတ်သင့်ပေသည်။ ယင်းကဲ့သို့ ဝေဖန်ပိုင်းခြားခြင်းသည်ပင် ဗုဒ္ဓဘုရားရှင်၏ (ဝိဘဇ္ဇဝါဒ) ဖြစ်ပါသည်။

**သင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဗြာဟ္မဏသံယုတ် အရဟန္တဝဂ်**
**" အက္ကောသသုတ် "** (ပိဋကတ် မြန်မာပြန်)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ "ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမ၏ အထံ၌ ရဟန်းပြုသတတ်"ဟု အက္ကောသက ဘာရဒွါဇပုဏ္ဏား ကြား သောကြောင့် အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်လျက် ပရိသတ်အလယ် မဖွယ်မရာ ဖြစ်ကုန်သော ကြမ်းကြုတ် ကုန်သော စကားတို့ဖြင့် မြတ်စွာဘုရားကို ဆဲရေး၏၊ ခြိမ်းခြောက်၏။

ဤသို့ ဆဲရေး ခြိမ်းခြောက်သည် ရှိသော် မြတ်စွာဘုရားသည် အက္ကောသက ဘာရဒွါဇပုဏ္ဏားကို "ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင် သနည်း၊ သင်၏ ဧည့်သည်ဖြစ်သည့် အဆွေခင်ပွန်း, ဆွေမျိုးသားချင်းတို့သည် လာကုန်၏လော"ဟု မိန့်တော်မူ၏၊

အသျှင်ဂေါတမ တစ်ရံတစ်ခါ အကျွန်ုပ်၏ ဧည့်သည်ဖြစ်သော အဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည် လာပါကုန်၏ဟု (လျှောက်၏)။

**" ပေးသူ နှင့် ယူသူ "**

"ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ထိုအဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့အား ခဲဖွယ်ကိုင်ငင်း၊ စားဖွယ်ကိုင်ငင်း၊ လျက်ဖွယ်ကိုင်ငင်း ပေးသည် မဟုတ်လော" ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တစ်ရံတစ်ခါ အကျွန်ုပ်သည် အဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့အား ခဲဖွယ်ကိုင်ငင်း၊ စားဖွယ်ကိုင်ငင်း၊ လျက်ဖွယ်ကိုင်ငင်း ပေးပါ၏ဟု (လျှောက်၏)။

ပုဏ္ဏား ထိုသူတို့သည် အကယ်၍ မခံယူကုန်သည်ဖြစ်အံ့၊ ထိုဥစ္စာသည် အဘယ်သူအား ရောက်သနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုသူတို့သည် အကယ်၍ မခံယူကုန်သည် ဖြစ်အံ့၊ ထိုဥစ္စာသည် အကျွန်ုပ်တို့ အားသာလျှင် ရောက်ပါ၏ဟု (လျှောက်၏)။

**" ဆဲရေးခြင်းကို မခံယူသူ "**

ပုဏ္ဏား ဤအတူသာလျှင် အကြင်အကြောင်းကြောင့် သင်သည် မဆဲရေးထိုက်ကုန်သော ငါတို့ကို ဆဲရေး၏၊ မချုပ်ချယ် ထိုက်ကုန်သော ငါတို့ကို ချုပ်ချယ်၏၊ မချောက်ချား ထိုက်ကုန်သော ငါတို့ကို ချောက်ချား၏၊ သင်၏ ထိုဆဲရေးခြင်း စသည်တို့ကို ငါတို့ မခံယူကုန်၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏။

**" ဆဲရေးခြင်းကို ခံယူသူ "**

ပုဏ္ဏား စင်စစ် အကြင်သူသည် ဆဲရေးတတ်သောသူကို ပြန်၍ ဆဲရေး၏၊ ချုပ်ချယ်တတ်သောသူကို ပြန်၍ ချုပ်ချယ်၏၊ ချောက်ချားတတ်သော သူကိုပြန်၍ ချောက်ချား၏၊ ပုဏ္ဏား ဤသူကို အတူခံစားသည် ပြုတုံ့ပြုသည် မည်၏ဟု ဆိုအပ်၏။

ထိုငါတို့သည် သင်နှင့်အတူ ခံစားဖက် မဟုတ်ကုန်၊ ပြုတုံ့ မပြုကုန်၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏ဟု (မိန့်တော်မူ၏)။

ပုဏ္ဏား ယဉ်ကျေးသော တရားနှင့်အညီ အသက်မွေးလေ့ရှိသော သစ္စာလေးပါး တရားကိုကောင်းစွာ သိ၍ ကိလေသာမှ လွတ်သောစိတ်ရှိသော ငြိမ်သက်သောစိတ်ရှိသော တာဒိဂုဏ်နှင့်ပြည့်စုံသော အမျက်မထွက်သော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

**“ အောင်နိုင်ခဲ့သော အမျက်ရန်သူ ”**

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူသည်သာ ထိုအမျက်ထွက်သောသူကို ပြန်၍ အမျက်ထွက်ခြင်းကြောင့် ယုတ်မာ၏။ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏။

**“ မိမိသူတစ်ပါး အကျိုးစီးပွား ”**

အကြင်သူသည် အမျက်ထွက်သော သူတစ်ပါးကို သိသည်ရှိသော် သတိနှင့်ပြည့်စုံသည်ဖြစ်၍ အမျက်ကို ငြိမ်းအေးစေ၏၊ (ထိုအမျက်ကို မတုံ့ပြန်သောသူသည်) မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည် မည်၏။

အကြင်သူတို့သည် (သစ္စာလေးပါး) တရား၌ မသိ မလိမ္မာကြကုန်၊ (ထိုသူတို့သည်) မိမိသူတစ်ပါး နှစ်ဦးသားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအားဖြင့် ကုစားသူကို လူမိုက်ဟူ၍ မှတ်ထင်ကုန်၏”ဟု (မိန့်တော်မူ၏)။

**“ နှစ်သက်ဖွယ် တရားတော် ”**

ဤသို့ မိန့်တော်မူသည် ရှိသော် အက္ကောသကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။ အသျှင်ဂေါတမ၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသောဝတ္ထုကို လှန်ဘိသကဲ့သို့၎င်း၊ ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း၊ မျက်စိအမြင် ရှိသောသူတို့သည် အဆင်းကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏။

## " သရဏဂုံ (၃) ပါး နှင့် ရဟန်းအဖြစ်ရပုံ "

အသျှင်ဘုရား ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုငှင်း၊ သံဃာတော်ကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဂေါတမ၏ အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

အင္ဂေါသက ဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရလေ၏၊ ရဟန်းအဖြစ်ကို ရလေ၏၊ ရဟန်းဖြစ်၍ မကြာမြင့်သေးသော အသျှင်အင္ဂေါသက ဘာရဒွါဇသည် တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသည်ရှိသော် ကောင်းစွာ သာလျှင် လူ့ဘောင်မှ (ရဟန်း ဘောင်)သို့ ဝင်ရောက် (ရဟန်း)ပြုကြသော အမျိုးသားများ လိုလားတောင့်တ အပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် ကောင်းစွာ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

### "ရဟန္တာ၏ဂုဏ်လေးပါး"

၁။ ပဋိသန္ဓေနေမှုကုန်ပြီ (ခီဏာဇာတိ)

၂။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ (ဝုသိတံဗြဟ္မစရိယံ)

၃။ မဂ်ကိစ္စကိုပြုပြီးပြီ (ကတံကရဏီယံ)

၄။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသောပြုဖွယ်မရှိတော့ပြီဟုသိ၏ (နာပရံဣတ္ထတ္တာယ)

အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တစ်ပါးအပါအဝင် ဖြစ်လေသတည်း။

**ဒေါက်တာ စိုးလွင် (မန္တလေး)**

# CDနှင့်စာအုပ်ဝယ်ယူရရှိနိုင်သော နေရာများ

**တကောင်းကျောင်းတိုက်**
**၆၂လမ်း၊၂၂လမ်းနှင့်၂၃လမ်းကြား။**

**ဒေါက်တာသီသီ**
**၆၄လမ်း၊၂၃လမ်းနှင့်၂၄လမ်းကြား။**

**YKK0 ကြေးအိုးဆိုင်များ**
**ရန်ကုန်နှင့် နေပြည်တော်။**